မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၁၇)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၄

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊

စာမျက်နှာ ၉ ကော်လံ ၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု သယ်ပိုးထမ်းဆောင် အမျိုးသားညီလာခံအောင်မြင်ရေး ပါဝင်ဆောင်ရွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အခြေခံလိုအပ်ချက်သည် အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည်။

နိုင်ငံတော်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံနှင့်အဝန်း အေးချမ်းတည်ငြိမ်မှုများ ရရှိနေပြီဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများနှင့်အတူ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စီးပွားရေးဦးတည်ချက်များအတိုင်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေရာတွင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက တက်ကြွစွာပူးပေါင်းပါဝင်လျက် ရှိသည်။

အလားတူပင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးနေသည်။ ဒို့တာဝန် အရေးသုံးပါးကို အစဉ်ကာကွယ်စောင့်ရှောက်နေမည့် မျိုးဆက်သစ်လူငယ်များ၏ စုစည်းညီညွတ်သည့် စွမ်းအားသည် နိုင်ငံတော်၏ အဓိကအမျိုးသားရေးစွမ်းရည် စွမ်းအားကြီးပင်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသားသင်တန်းသူများအား ဇန်နဝါရီလ ၂၃ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနား၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင်–

“ရရှိပြီးဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မပျက် ဆက်လက် သယ်ပိုးသွားနိုင်စေရန် မိမိတို့၏ အသိစိတ်ဓာတ်နှင့် ကာကွယ်စောင့်ရှောက်လျက်လည်း ရှိနေကြောင်း၊ မောင်တို့ မယ်တို့အနေဖြင့်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသူ၊ အသင်းသားများပီပီ အေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြရမှာဖြစ်ကြောင်း”

မှာကြားသွားခဲ့သည်။

ပြည်ထောင်စုကြီး၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်စေရန် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပြီး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

မျိုးဆက်သစ် ပညာရေးဝန်ထမ်းများသည် ပညာသင်ကြားရေး၌ စာတတ်မြောက်ရုံသက်သက်မဟုတ်ဘဲ စည်းကမ်းကောင်းမွန်ပြီး ပြည်သူ့နီတိကို လိုက်နာသူများ၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲပြီး ကျန်းမာသန်စွမ်းသည့် ဘက်စုံထူးချွန် စွမ်းရည်ထက်မြက်သည့်လူငယ်များဖြစ်လာအောင် ဝါသနာ၊ စေတနာ၊ အနစ်နာဖြင့် လေ့ကျင့်ပျိုးထောင်ပေးသွားရမည် ဖြစ်သည်။

တာဝန်ထမ်းဆောင်ရသည့်နယ်မြေဒေသရှိ တိုင်းရင်းသားပြည်သူများအတွင်း ပညာသင်ကြားရေးဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ဒေသခံပြည်သူများနှင့်အတူ တက်ကြွစွာ ပူးပေါင်းဦးဆောင် ပါဝင်ဆောင်ရွက်သွားရန်လည်း လိုပေသည်။

နိုင်ငံတော်၌ အစိုးရ၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ အသီးသီးတွင် အောင်မြင်ဖြစ်ထွန်းမှုများရရှိနေပြီဖြစ်သည်။ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပနေပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အနှစ်သာရများကို ညှိနှိုင်းဆွေးနွေးချမှတ်နေပြီ ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်မှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာမည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း မျိုးဆက်သစ် ပညာရေးဝန်ထမ်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် သယ်ပိုးထမ်းဆောင်သွားကြရင်း အမျိုးသားညီလာခံ အောင်မြင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရုရှားနိုင်ငံ၌ အအေးလွန်ကဲ၊ သေဆုံးသူပေါင်း ၁၂၃ ဦးရှိလာ

မော်စကို ဇန်နဝါရီ ၂၄

ရုရှားနိုင်ငံတွင် အအေးဆုံးဆောင်းရာသီကြောင့် ဇန်နဝါရီ ၂၀ ရက်ညက လူခုနစ်ဦးသေဆုံးပြီး စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၁၂၃ ဦးရှိသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ဖော်ပြသည်။

အအေးလှိုင်း ကျရောက်စဉ် လျှပ်စစ်ဓာတ်အားဖြင့် အနွေးဓာတ်ရအောင် ပြုလုပ်သည့် စနစ်မှာလည်း ဓာတ်အား နိုင်နင်းမှုမရှိခြင်းကြောင့် ထိန်းမထားနိုင်ဘဲဖြစ်ရသည်ဟု လျှပ်စစ်ဓာတ်အားပေးရေးဆိုင်ရာ အမှုဆောင်အကြီးအကဲ အနာတိုလီ ခရူဘာစစ်က ပြောကြားသည်။

ရုရှားနိုင်ငံ၏ မြို့တော်မော်စကို၌ အပူချိန်မှာ အနုတ် ၃၀ဆဲလ်စီးရပ်ရှိပြီး လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ စံချိန်တင်မြင့်မားနေကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

ယမန်နေ့ညက မော်စကိုမြို့၌ လူခုနစ်ဦး အအေးလွန်ကဲမှုကြောင့် သေဆုံးသွားကြောင်း၊ အခြား ၂၂ ဦး ဆေးရုံ၌ ကုသမှုခံယူနေရကြောင်း အင်တာဖက်စ် သတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာလ ကတည်းက မော်စကိုမြို့တွင် အအေးလွန်ကဲမှုကြောင့် သေဆုံးသူပေါင်း ၁၂၃ ဦး ရှိသွားပြီဖြစ်ကြောင်း အဆိုပါသတင်းဌာနက ယခင်စာရင်းများကို အခြေခံ၍ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်အရှေ့ပိုင်း၌ ကားဗုံးပေါက်ကွဲ တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း ဈေးတစ်ဈေးအနီးတွင် ဇန်နဝါရီ ၂၁ရက်က ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ အီရတ်ပြည်သူတစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တွင် ဇန်နဝါရီ ၂၀ရက်က ရွေးကောက်ပွဲ ရလဒ်ကြေညာခဲ့ပြီးနောက် တိုက်ခိုက်ရေးသမားများက ဗုံးခွဲတိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်လျက်ရှိသဖြင့် အီရတ်အာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားရသည်။

အမ်အင်အေ၊ရိုက်တာ

မြဝတီရုပ်မြင်သံကြား

၂၅–၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နေခြည်ဖြာမှ”** (အပိုင်း–၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကောင်းကင်သိုင်းကွက်”** (အပိုင်း–၂)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

လက်တင်အမေရိက၏ အရှည်ဆုံးဥမင်လိုဏ်ခေါင်း ကိုလံဘီယာနိုင်ငံ၌ ဖွင့်လှစ်

ဘိုဂိုတာ ဇန်နဝါရီ ၂၄

ကိုလံဘီယာအစိုးရက လက်တင်အမေရိက၏ အရှည်ဆုံးဥမင် လိုဏ်ခေါင်းကို တရားဝင်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း၊ ၎င်းဥမင်လိုဏ်ခေါင်းမှာ ၄ဒသမ၆ကီလိုမီတာ ရှည်လျားကြောင်း သိရသည်။

ဆက်သွယ်ထား

ဥမင်လိုဏ်ခေါင်းမှာ ကိုလံဘီယာအရှေ့မြောက်ပိုင်း အင်တီယိုကွီယာပြည်နယ် အဘာရားဒေသနှင့် ဂေါကာမြစ်ဒေသသို့ ဆက်သွယ်ထားကြောင်း ကိုလံဘီယာအစိုးရ၏ ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

တပ်ဆင်

ဥမင်လိုဏ်ခေါင်း တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၁၅၀ အကုန်အကျခံ သုံးစွဲခဲ့ကြောင်း သိရသည်။ အဆိုပါ ဥမင်လိုဏ်ခေါင်းကို ရှစ်နှစ်ကြာ တည်ဆောက်ခဲ့ရကြောင်း၊ ဥမင်အတွင်းပိုင်း၌ တံတား ၃၄ စင်း၊ ကင်မရာ ၄၂လုံး၊ မီးလုံး ၈၀၀၊ လျှပ်စစ်ကေဘယ်ကြိုး ကီလိုမီတာ ၂၂၀ တပ်ဆင်ထားကြောင်း သိရသည်။

အစိတ်အပိုင်းဖြစ်

ယင်းဥမင်လိုဏ်ခေါင်းသည် အိမ်နီးချင်းဗင်နီဇွဲလားနိုင်ငံနှင့် ကိုလံဘီယာ အရှေ့မြောက်ပိုင်း ဆန်တင်ဒါနှင့် အင်တီယိုကွီယာဒေသသို့ ဆက်သွယ်ထားရာ လမ်းမကြီး၏ အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အမျိုးသားညီလာခံကြီးအောင်မြင်ရေးသည် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အဓိကအကျဆုံးလုပ်ငန်းစဉ်ဖြစ်

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ရေနံချောင်း ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဦးထွန်းအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

** ကျောဖုံးမှ*

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ရေနံချောင်း ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးထွန်းအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေး ဆေးတက္ကသိုလ် ခွဲစိတ်ကုပညာဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာသစ်လွင်၊ မကွေးမြို့မှ ကုန်သည် ဦးတင်မြင့်၊ မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်း၊ မကွေးမြို့မှ စီးပွားရေးလုပ်ငန်းရှင် ဦးကျော်နိုင်၊ မကွေးတိုင်း တရားသူကြီး ဦးသန်းလွင်နှင့် မကွေး တက္ကသိုလ် ရက္ခဗေဒဌာန ပါမောက္ခ ဒေါ်မေသန်းစုတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်သဇင်အောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်သဲဝါက ဆောင်ရွက်သည်။

ရှိလာပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တိုင်းပြည်လုံး ကွက်လပ်မကျန်အောင် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူအားလုံး အသိပင်ဖြစ်ကြောင်း၊ ၎င်းသည် မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားတို့အတွက် အလွန်ကောင်းမွန်သော အခြေအနေတစ်ရပ်ဖြစ်၍ ယင်းအခြေအနေကို ဆက်လက်ထိန်းသိမ်းထားပြီး နိုင်ငံကို အရှိန်ကောင်းကောင်းဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့ ခိုင်မြဲစွာ လက်တွဲတည်ဆောက်သွားကြရန်ဖြစ်ကြောင်း။

အဓိကအကျဆုံးလုပ်ငန်းစဉ်

နိုင်ငံတော်အနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေး အခြေခံလိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရင်း ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အမျိုးသားညီလာခံကြီးကို နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပပေးလျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ရေးသည် နိုင်ငံတော်၏ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အရေးကြီးဆုံး၊ အဓိကအကျဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမှုများချမှတ်ရာတွင် ယခင်က ဖြစ်ပေါ်ခဲ့မှု၊ ယခုဖြစ်ပေါ်နေမှု၊ မြန်မာနှင့် ကမ္ဘာ့ဖြစ်စဉ်များအပေါ် သင်ခန်းစာယူပြီး နိုင်ငံ့အချုပ်အခြာအာဏာသည် မြန်မာနိုင်ငံလူမျိုးများတွင်သာ အမြဲတည်ရှိနေပြီး ဒို့တာဝန်အရေးသုံးပါး နိုင်ငံ၌ အစဉ်တည်တံ့နေခြင်းကို အာမခံနိုင်သော၊ တိုင်းရင်းသားအားလုံး ညီညွတ်လက်ခံသဘောတူသော ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမှုများရရှိရန်က အရေးကြီးဆုံးဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

မြန်မာနိုင်ငံသည် လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မိမိတိုင်းပြည်၏ အခြေအနေကို မိမိဘာသာ ဖန်တီးခွင့်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး ကျင်းပဆောင်ရွက်နေချိန်တွင် လွတ်လပ်သော ကိုယ်ပိုင်အမျိုးသားရေးရပ်တည်ချက်ကို ထိပါးစေသည့် ပြည်တွင်းပြည်ပက ဆန့်ကျင်ဘက်အင်အားစုများ၏ စွက်ဖက်နှောင့်ယှက်မှုများကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် တားဆီးကာကွယ်ရေးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားညီလာခံကြီးအောင်မြင်ရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါစို့ဟု အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ကဏ္ဍစုံ၌တည်ဆောက်

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို မကွေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်မြင့်က တင်သွင်းရာတွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် ၁၉၈၈ ခုနှစ် အရေးအခင်းကြီးသည် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးလုနီးပါးအထိ အခြေအနေဆိုးရွားခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးရေး လုံးဝပျောက်ကွယ်သွားပြီး မင်းမဲ့စရိုက် အကြမ်းဖက်မှုများ ထူပြောလာကာ အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းသွားခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို သမိုင်းပေးတာဝန်အရ မလွှဲသာမရှောင်သာ တာဝန်ယူခဲ့ပြီးနောက် ရပ်ရွာ

မင်းဘူးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ဗိုလ်ကြီးမြင့်လွင်(အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မကွေးမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင် ဦးငွေလွင်အောင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မကွေးတိုင်း ဥပဒေရုံးမှ ဒုတိယ တိုင်းဥပဒေအရာရှိ ဦးသိန်းဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မကွေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်မြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

အောင်မြင်ဖြစ်ထွန်းမှုများ

ထို့နောက် သဘာပတိ ရေနံချောင်း ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးထွန်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများချစ်ကြည်ရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ခိုင်မာသော ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ပြီး တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံရေးကဏ္ဍတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့ကို တည်ဆောက်နိုင်ခဲ့ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းရေးကိုလည်း ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးကဏ္ဍတွင်လည်း ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးပြီး ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ပေါက်လာရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ လူမှုရေးကဏ္ဍတွင် တိုင်းရင်းသားပြည်သူများအတွင်း အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြီး စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို လည်းကောင်း၊ တစ်မျိုးသားလုံး၏ ပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်ရေးတို့အတွက် လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ သိသာထင်ရှားသော အောင်မြင်ဖြစ်ထွန်းမှုများကို ပြည်သူအားလုံး တွေ့ရှိနေရပြီဖြစ်ကြောင်း။

ယနေ့ နိုင်ငံအခြေအနေကိုကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့၍ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုအခြေအနေ

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ အရေးကြီးဆုံးဖြစ်သည့် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများ၌ အသေးစိတ်အခြေခံရမည့်မှုများကို ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

လောကပါလတရားများ ပိုမိုထွန်းကားရေး

နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဆိုသည့် အခြေခံမှုကို နိုင်ငံတော်ဥပဒေပြုရာတွင်လည်းကောင်း၊ စီမံအုပ်ချုပ်ရာတွင်လည်းကောင်း၊ တရားစီရင်ရာတွင်လည်းကောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ငြိမ်းချမ်းသာယာဖွံ့ဖြိုးစေရန် ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသော အခြေခံမှုကို လေ့လာကြည့်လျှင် မြန်မာ့တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူများ ဘေးဒုက္ခ အကျဉ်းအကျပ်ဆိုက်ရောက်သည့်အခါတိုင်း နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် တိုင်းရင်းသား မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မဆုံးရှုံးစေရေးတို့အတွက် ခေတ်အဆက်ဆက် အသက်ပေး ကာကွယ်စောင့်ရှောက်ခဲ့သော သမိုင်းအစဉ်အလာကောင်းများနှင့် ပြည့်စုံသည့် တပ်မတော်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုဆိုသည်မှာ နိုင်ငံတော်အတွက် အဓိကကျသည့် ဒို့တာဝန်အရေးသုံးပါး ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့်အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလည်း ပါဝင်ကြောင်း၊ ဤသို့ နက်ရှိုင်းသိမ်မွေ့သည့် အမျိုးသားနိုင်ငံရေးတာဝန်ကို မတိမ်းမစောင်းရအောင် ထိန်းသိမ်းရာတွင် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များနည်းတူ အမျိုးသားရေးကို အစဉ်အမြဲသစ္စာစောင့်သိခဲ့သော တပ်မတော်၏ ကိုယ်စားလှယ်များကို ပါဝင်ထမ်းဆောင်ခွင့်ပြုခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံသားများ လက်ဝယ်ရှိရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် စိတ်ချရမည် ဖြစ်ကြောင်း။

အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပထမဆုံး အဓိကထား တည်ဆောက်ခဲ့ရကြောင်း၊ ယင်းနောက် မြန်မာနိုင်ငံ၌ လွတ်လပ်ရေးရပြီးကတည်းက အယူအဆအမျိုးမျိုးကြောင့် လက်နက်စွဲကိုင် တိုက်ခိုက်နေကြသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေများပါမကျန် တစ်နိုင်ငံလုံးနီးပါး တည်ငြိမ်အေးချမ်းလုံခြုံပြီး ဖွံ့ဖြိုးတိုးတက်မှုအခြေခံအဆောက်အအုံများကို ကဏ္ဍစုံ၌ တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖြစ်တည်နိုင်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်၌သာ မူတည်ကြောင်း၊ တိုင်းပြည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကြီးပွားချမ်းသာရေးတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကောင်းမွန်မှု၊ ကျင့်သုံးနိုင်မှုအပေါ်တွင် မူတည်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီး ထာဝရ အဓွန့်ရှည်တည်မြဲစေရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံသူနိုင်ငံသားများလက်ဝယ်တွင် အစဉ်အမြဲရှိနေစေရန်၊ ရေရှည်တည်တံ့ခိုင်မြဲမည့် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရန်တို့အတွက် အသေးစိတ်အခြေခံရမည့်မှုများကို အများသဘောတူဆုံးဖြတ်ချမှတ်ပေးနိုင်မည့် အမျိုးသားညီလာခံကြီး ကျင်းပရေးအတွက် အခြေခံရမည့် ဦးတည်ချက်ခြောက်ရပ်အဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရေးနှင့် အနာဂတ် မြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေးတို့ကိုလည်း ချမှတ်ခဲ့ကြောင်း။

အမျိုးသားညီလာခံကျင်းပရာတွင် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်များနှင့် မျက်မှောက်အခြေအနေများ၊ ၎င်းနိုင်ငံများ၏ ရေးဆွဲကျင့်သုံးနေသော ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသေးစိတ် နားလည်သိရှိတတ်ကျွမ်းသူများ ပါဝင်ရန်အတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁

25-1 (03).p65 1 3/26/1905, 10:18 PM

အမျိုးသားရေးရပ်တည်ချက်ကို ပြည်တွင်း၊ ပြည်ပဆန့်ကျင်ဘက်အင်အားစုများ၏ နှောင့်ယှက်မှုများကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် တားဆီးကာကွယ်

စာမျက်နှာ (၃) မှ

အခြေခံမူထဲ၌ သဘာဝကျပြီး နိုင်ငံတော်တည်ငြိမ်ရေးအတွက် အာမခံချက်ရစေမည့် အချက်မှာ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်ဆိုသည့်အချက်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်သည် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ထက်သန်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ပြီး အစဉ်အလာကြီးမားသော တပ်မတော်ဖြစ်ကြောင်း။

အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲ အလီလီကို သက်စွန့်ကြိုးပမ်းထမ်းရွက်လာခဲ့သည့် တပ်မတော်လည်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူများ ဘေးဒုက္ခ အကျဉ်းအကျပ်ကြုံတွေ့ခဲ့ရသော ၁၉၄၉၊ ၁၉၅၈၊

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်ဝါဝါမြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

၁၉၆၂ နှင့် ၁၉၈၈ ခုနှစ် အခြေအနေဆိုးများ ဆိုက်ရောက်စဉ်က နိုင်ငံတော်လွတ်လပ်ရေးနှင့် ပြည်သူများ အသက်အိုးအိမ် မဆုံးရှုံးအောင် တာဝန်သိသိ၊ သစ္စာရှိရှိ ကယ်တင်စောင့်ရှောက်လာခဲ့သည်မှာ အထင်အရှားဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်နိုင်ငံရေးခရီးတွင် **"ခလုတ်ထိမှ အမိတ"**ရသော ကိန်းမျိုး မကြုံရလေအောင် တပ်မတော်ကိုပါ ပါဝင်ဆောင်ရွက်ရန် ချမှတ်ခဲ့သည့် အခြေခံမူဖြစ်ကြောင်း။

အမျိုးသားရေးပြဋ္ဌာန်းချက်

မြန်မာနိုင်ငံ၌ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံသော နိုင်ငံရေးပါတီ အဖွဲ့အစည်းများ အပါအဝင် တစ်မျိုးသားလုံး ပြည်ထောင်စုသားအားလုံး တက်ကြွစွာ ထမ်းဆောင်ကြရမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် သမိုင်းကပေးလိုက်သော အမျိုးသားရေးပြဋ္ဌာန်းချက် အခန်းဆက်တာဝန်ပင်ဖြစ်ကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကူးပြောင်းမည်ဆိုလျှင် ယခုချမှတ်ထားသည့် လုပ်ငန်းစဉ်(၇)ရပ်အတိုင်း မလွဲမသွေ ကူးပြောင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံလုပ်ငန်းများသည်လည်း သုံးပုံနှစ်ပုံကျော်ပြီးစီးအောင်မြင်ခဲ့ပြီဖြစ်၍ ကျန်ရှိသောလုပ်ငန်းများ အမြန်ပြီးစီး အောင်မြင်ရေးအတွက် အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ထို့အပြင် အမျိုးသားညီလာခံကြီးအောင်မြင်မှ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းလာမည်ဖြစ်သည့်အတွက် **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်း**အဆိုကို ဤလူထုအစည်းအဝေးကြီးတွင် မိမိအနေဖြင့် လေးလေးနက်နက် တင်သွင်းလိုက်ပါကြောင်းဖြင့် အဆိုတင်သွင်းသွားသည်။

မရှိမဖြစ်လိုအပ်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မကွေးတိုင်းဥပဒေရုံးမှ ဒုတိယတိုင်းဥပဒေအရာရှိ ဦးသိန်းဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်သည် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတို့၏တူညီသောဆန္ဒမှာလည်း ပြည်ထောင်စုကြီး အဓွန့်ရှင်တည်တံ့ခိုင်မြဲရေးပင်ဖြစ်ကြောင်း၊ ဤရည်မှန်းချက်ပန်းတိုင်သည် တစ်မျိုးသားလုံးနှင့်အကျုံးဝင်သော မွန်မြတ်သည့်ပန်းတိုင်ဖြစ်ကြောင်း၊ ယင်းပန်းတိုင်ကို အရောက်လှမ်းရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ဤလိုအပ်ချက်ကိုဖြည့်ဆည်းရန် အမျိုးသားညီလာခံကြီးကို ကျင်းပနေခြင်းဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကြီးက ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ၏အကြံပြုချက်ဖြင့် အခန်းလိုက်ခေါင်းစဉ်၁၅ခု၊ အခြေခံမူ(၁၀၄)ချက်ကို ဦးတည်ချက်ခြောက်ရပ်နှင့်အညီ လွတ်လပ်စွာအကြံပြုစာတမ်းများ ရေးသားဖတ်ကြားတင်သွင်းပြီး ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကာ အသေးစိတ် အခြေခံရမည့်မူများကိုချမှတ်ပေးလျက်ရှိကြောင်း။

ကောင်းမွန်သင့်မြတ်

ယင်းအခြေခံမူများသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများကို ရှင်းလင်းစွာ သိမြင်ကျင့်သုံးနိုင်ရန်ချမှတ်ထားခြင်းဖြစ်၍ အလွန်ပင်ကောင်းမွန်သင့်မြတ်သည့် အခြေခံမူများဖြစ်ပါကြောင်း။

ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးက အနာဂတ်ဒီမိုကရေစီနိုင်ငံတော်၏ဖွဲ့စည်းမှုပုံသဏ္ဌာန်၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများ၊ တိုင်းရင်းသားလူထုလူတန်းစားအသီးသီး ပါဝင်သည့် နိုင်ငံသားတို့၏အခွင့်အရေးနှင့်တာဝန်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးဆိုင်ရာအခြေခံမူများ စနစ်တကျပြည့်စုံစွာ ချမှတ်ပြဋ္ဌာန်းထားခြင်းကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်များ ချမှတ်ပေးနေသော အမျိုးသားညီလာခံကြီးကို အလေးအနက်ထောက်ခံကြောင်း တင်ပြလိုပါကြောင်း။

အခိုင်အမာဖြည့်ဆည်းပေးနိုင်

အမျိုးသားညီလာခံကြီးအောင်မြင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအောင်မြင်နိုင်မှာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာမှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာမှာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ လမ်းညွှန်ထိန်းကျောင်းမှုဖြင့် ဒို့တာဝန်အရေးသုံးပါးသည် စိတ်ချခိုင်မာပြီး တိုင်းရင်းသားလူမျိုးများ လိုလားတောင့်တနေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ဥပဒေနှင့်အညီ အခိုင်အမာဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်း။

မကွေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင် ဒေါက်တာသီသီထွန်း အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ထို့ကြောင့် ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အင်အားတောင့်တင်းခိုင်မာခြင်းတို့ဖြင့် ပြည့်စုံသော အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပုံဖော်ဖြည့်စွမ်းပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီးအောင်မြင်ရေးအတွက် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုဂုဏ်ပြုပါကြောင်းနှင့် အဆိုရှင် တင်သွင်းသွားသော **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်း"**အဆိုကို အလေးအနက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေး တင်ပြသွားသည်။

ကြိုးပမ်းတည်ဆောက်

ယင်းနောက် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မကွေးမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင် ဦးဌေးလွင်အောင်က ထောက်ခံဆွေးနွေးတင်ပြရာတွင် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးမည့် အသက်တမျှအရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ စာနာမှုများရရှိလာစေရန်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်သည် အထွေထွေခေတ်နောက်ကျမှု သမိုင်းအမွေဆိုးကို ချေဖျက်နိုင်ရန်အတွက်လည်း အရှိန်အဟုန်ပြင်းပြင်းဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်နေသည်မှာ အထင်အရှားပင် ဖြစ်ကြောင်း။

ဤသို့ တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်၊ ပြည်သူ့သဘောထားလေးရပ်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တို့ကို ချမှတ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အတွင်းရှိ အမျိုးသားရေးစွမ်းအားစုများနှင့် ပြည်တွင်းအင်အားကိုအခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ညှိနှိုင်းဆွေးနွေးချမှတ်

၁၉၉၈ခုနှစ် (၅၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်၌ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လိုအပ်သည်သာမက ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက်ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရန်လိုကြောင်း"** မိန့်ကြားခဲ့ပါကြောင်း၊ ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးတွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ အလွှာပေါင်းစုံပါဝင်သည့် ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် လိုအပ်သောအခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးချမှတ်ပေးလျက်ရှိရာ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်ပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်သည့် အခြေခံမူများကို အခြေပြုပြီး ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားအတွက်မဟုတ်ဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးမှာဖြစ်သည့်အပြင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံသားတိုင်းက ခေတ်အဆက်ဆက် ကာကွယ်ထိန်းသိမ်းနိုင်မှာဖြစ်၍ ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီး အောင်မြင်ရေးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်း တင်ပြအပ်ပါကြောင်း။

ကျေပွန်စွာထမ်းဆောင်

စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုကူးပြောင်းရေးဆိုသည့် အမျိုးသားနိုင်ငံရေးတာဝန်ကို အမျိုးသားညီလာခံကြီးတွင် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များကို အရင်းခံပြီး ညီလာခံကိုယ်စားလှယ်ကြီးများက ကျေပွန်စွာထမ်းဆောင်လျက်ရှိကြကြောင်း၊ နိုင်ငံတော်၏စေတနာ၊ ညီလာခံကိုယ်စားလှယ်ကြီးများ၏ ကြိုးပမ်းမှု၊ ပြည်သူလူထုကြီး၏ ဝိုင်းဝန်းအားပေးကူညီမှုများကြောင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း။

ယနေ့ တိုင်းရင်းသားပြည်သူတို့ လိုလားတောင့်တနေသည့် မွန်မြတ်သော **"ပန်းတိုင်"**သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးဆိုသည့် ပန်းတိုင်ဖြစ်ကြောင်း။

ဝိုင်းဝန်းအကောင်အထည်ဖော်

ထို့ကြောင့် တစ်မျိုးသားလုံး၏ မွန်မြတ်သော ပန်းတိုင်သို့ ချီတက်ရာတွင် အဓိကကျသော အမျိုးသားညီလာခံကြီး အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရင်း အဆိုရှင်တင်သွင်းသွားသည့် **"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး အတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်း"**အဆိုကို ဤလူထုအစည်းအဝေးကြီးမှ လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာသီသီထွန်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်သော နိုင်ငံတော်ဖြစ်ကြောင်း၊ လွတ်လပ်သည့် နိုင်ငံတိုင်းတွင် အချုပ်အခြာအာဏာကို ပိုင်းခြားခွဲဝေ ကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ်လိုအပ်ပါကြောင်း၊ နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာလည်း တစ်ပါတီ တစ်ဖွဲ့စည်းတည်းက ရေးဆွဲ၍မရနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုး၁၀၀ကျော်သည် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် နေရာအနှံ့ စုပေါင်းနေထိုင်ကြသည်ဖြစ်၍ တိုင်းရင်းသားကိုယ်စားလှယ်အများစု ပါဝင်ရေးဆွဲရန် မလွဲမသွေ လိုအပ်ပါကြောင်း။

အလေးပေးဆွေးနွေး

ထို့ကြောင့် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော် ပေါ်ထွန်းလာရေးအခြေခံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် တိုင်းရင်းသားပေါင်းစုံ ပါဝင်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပနေခြင်းဖြစ်ကြောင်း၊ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင် နိုင်ငံတစ်ဝန်းလုံးမှ တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် အလွှာအသီးသီးမှ ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့်အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်စုစုပေါင်း အင်အား ၁၀၀၀ ကျော်ပါဝင်သည့် ညီလာခံကိုယ်စားလှယ်ကြီးများသည် အခြေခံဥပဒေသစ်ရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့်အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်လေးစားစွာဖြင့် ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဆွေးနွေးဆုံးဖြတ် ချမှတ်နေကြကြောင်း၊ ဒါကို ကြည့်ခြင်းအားဖြင့် မိမိနိုင်ငံ၏အရေးကို မိမိတို့ သွေးချင်းသားချင်း တိုင်းရင်းသားညီနောင်များ အေးအတူပူအမျှ၊ ဉမကွဲသိုက်မပျက် စုစည်းနေနိုင်ရေး၊ ရေခြားမြေခြား တိုင်းတစ်ပါးက သွေးခွဲခြင်းကြောင့် ပြည်ထောင်စုပြိုကွဲမည့် အဖြစ်မျိုးမရောက်ရေးအတွက် အလေးပေးဆွေးနွေးလျက်ရှိသည်ကို ရိုးရိုးလေးတွေးပြီး ရှင်းရှင်းလေးကြည့်တတ်သူများ မြင်နိုင်ကြပါပြီဟု တင်ပြလိုပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားအတွက် အဓိကကျသည့် ခိုင်မာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းရေးကို လက်တွေ့ ဖော်ဆောင်လျက်ရှိသည့် အမျိုးသားညီလာခံကြီးအား လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်း မကွေးတိုင်း ပြည်သူများကိုယ်စား တင်ပြလိုက်ပါကြောင်း။

စည်းလုံးညီညွတ်စွာညှိနှိုင်း

မိမိတို့ ပြည်တွင်းရေးမှန်သမျှသည် မိမိတို့တိုင်းရင်းသားပြည်သူများနှင့်သာ သက်ဆိုင်ပါကြောင်း၊ မည်သည့်ပြည်ပနိုင်ငံကမျှ ဩဇာပေးစရာမလို၊ စွက်ဖက်စရာမလိုဘဲ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို လေးစားရန် လိုပါကြောင်း၊ မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ပြည်တွင်းရေးရာကိစ္စမှန်သမျှကို တိုင်းရင်းသားအချင်းချင်း အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာ ညှိနှိုင်းဆောင်ရွက်နေပါကြောင်း။

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ အမြန်ရောက်ရှိစေရန် တိုးတက်ဖွံ့ဖြိုးလျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများဆက်လက် တိုးတက်ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသည့် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေကြီးပေါ်ပေါက်ရေးကို ဖော်ဆောင်လျက်ရှိသော ကိုယ်စားလှယ်ပေါင်းစုံပါဝင်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ကြောင်းနှင့် အဆိုရှင်တင်သွင်းသွားသည့် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်း"**အဆိုကို ဤလူထုအစည်းအဝေးကြီးမှ လေးလေးနက်နက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို မင်းဘူးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ဗိုလ်ကြီးမြင့်လွင် (အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် သိသိသာသာ အောင်မြင်မှုရရှိလာခဲ့ပြီးနောက် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးကို ပင်ကိုစိတ်ရင်းစေတနာအမှန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း၊ ယင်းကြိုးပမ်းချက်များကြောင့် အခက်အခဲ အဟန့်အတားအမျိုးမျိုးကို ကျော်လွှားပြီး အမျိုးသားညီလာခံ လုပ်ငန်းအတော်များများ အောင်မြင်သည်အထိ ဆောင်ရွက်နိုင်ခဲ့ကြသည်မှာ ပြည်သူအားလုံး အသိဖြစ်ကြောင်း၊ ရေးဆွဲအတည်ပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ပေါင်းစည်းချစ်ကြည်နေထိုင်လာခဲ့ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအကြား ချစ်ကြည်စည်းလုံးမှုအခြေခံများ ပိုမိုရှင်သန်လာရေး၊ မိသားစုသဖွယ် ပေါင်းစည်းဆက်နွှယ်နေထိုင်ရင်း ဖြစ်ထွန်းလာခဲ့သည့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ မပြိုမကွဲ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းဖော်ဆောင်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်ခြောက်ရပ်ထဲတွင် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထည့်သွင်းချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ တပ်မတော်အပါအဝင် နိုင်ငံသားတိုင်းက ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်သည့်အတွက် ချမှတ်ထားသော အခြေခံမူ(၁၀၄)ချက်သည် အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်ကို ဖော်ဆောင်ပေးမည့်မူများဖြစ်ကြောင်း၊ ထို့အပြင် အခြေခံမူထဲတွင် နိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ၏ လူမျိုးစုနှင့် လူဦးရေ၊ စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေ၊ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းအခြေအနေများကို ထောက်ဆပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ရှေးရှု၍ ပြည်ထောင်စုစနစ်ကို ကျင့်သုံးရန် ဆုံးဖြတ်ချမှတ်ခဲ့ကြကြောင်း။

တက်တက်ကြွကြွဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်၏ အတိတ်သမိုင်းဖြစ်စဉ်များကို သင်ခန်းစာယူပြီး တိုင်းရင်းသားပြည်သူလူထု၏အကျိုးကို အစွမ်းကုန်ဖော်ဆောင်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူ ပြည်သားအားလုံး တက်တက်ကြွကြွ ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့် အခြေခံကောင်းများကို ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်နှင့် အတူ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် သူတစ်ပါးဩဇာလွှမ်းမိုးမှုကင်းရှင်းပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို လွတ်လပ်စွာ ကိုင်တွယ်ကျင့်သုံးကာ မိမိနိုင်ငံ မိမိလူမျိုး၏အနာဂတ်ကို အမှီခိုကင်းစွာ ဖန်တီးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တည်ဆောက်ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ လူထုအစည်းအဝေးကြီးမှာလည်း ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံ အနှစ်သာရရှိပြီး ခေတ်မီသည့် နိုင်ငံတော်အတွက် အသင့်တော်ဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲနိုင်ရေးကို ဆောင်ရွက်နေသည့် အမျိုးသားညီလာခံကြီးအား လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံလိုသည့်အတွက် လူထုလူတန်းစား အလွှာစုံက စုဝေးရောက်ရှိလာရခြင်းဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကြီးတွင် မြို့နယ်အလိုက်၊ ဒေသအလိုက် ကိုယ်စားပြုတက်ရောက်နေကြသော စစ်မှန်သည့် တိုင်းရင်းသားကိုယ်စားလှယ်များ၏ စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ အများအကျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံမှုများကို ဤလူထုအစည်းအဝေးကြီးတွင် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်ဟု တင်ပြလိုကြောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ၏ ညီညွတ်သည့် စွမ်းဆောင်မှုများကြောင့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် သင့်လျော်ကောင်းမွန်ပြည့်စုံသည့် အခြေခံမူ(၁၀၄)ချက်၊ တိုင်းရင်းသားလူမျိုးများ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများကို အကောင်းဆုံးဖော်ဆောင်ထားသည့် အခြေခံမူများကိုလည်း လှိုက်လှဲစွာ သဘောတူထောက်ခံအပ်ပါကြောင်း၊ ချမှတ်ခဲ့သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အနှစ်သာရသည် အနာဂတ်နိုင်ငံတော်ကြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရန် လမ်းညွှန်ထားသည့် နိုင်ငံတော်၏ မီးရှူးတန်ဆောင် အလင်းရောင်ဖြစ်ကြောင်း။

လမ်းကြောင်းမှန်

လမ်းကြောင်းမှန်ဖြစ်သည့် မိမိနိုင်ငံ၊ မိမိလူမျိုး ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ကိုက်ညီသော ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေရရှိအောင် တည့်တည့်မတ်မတ် ဆောင်ရွက်နိုင်ခဲ့သဖြင့် အမျိုးသားညီလာခံကြီး၏ ရည်မှန်းချက်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး လုပ်ငန်းစဉ်များ၏ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

ဤညီလာခံကြီးသည် မြန်မာ့သမိုင်းတွင် အမျိုးသားအင်အားစုအသီးသီး အစုံညီဆုံး၊ အခြေခံကျပြီး ညီလာခံတက်ရောက်သော ကိုယ်စားလှယ်ဦးရေ အချိုးအစား အမျှတဆုံး အမျိုးသားညီလာခံကြီးဖြစ်ပြီး ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးကို အဆုံးအဖြတ်ပေးမည့် ညီလာခံကြီးဖြစ်ပါသဖြင့် အဆိုရှင်တင်သွင်းသွားသည့်**“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်း”** အဆိုကို ဤလူထုအစည်းအဝေးကြီးက လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေး တင်ပြသွားသည်။

ဘက်စုံ၊ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင် ဒေါ်ဝါဝါမြင့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့ နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ ပြင်းပြသော ဆန္ဒအမှန်ကို ဖြည့်ဆည်းနိုင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ နိုင်ငံနှင့်အဝန်း ဘက်စုံ၊ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကြီးကို ဆက်လက်အကောင်အထည်ဖော် ကျင်းပနေသည်ကို ပြည်သူတစ်ရပ်လုံး သိရှိနေကြကြောင်း။

စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခိုင်မာမှုရှိရုံသာမက အမျိုးသားရေးအသွင် ထင်ဟပ်ပြည့်စုံပြီး အားနည်းချက်၊ လျစ်ဟာချက်များမရှိအောင် စနစ်တကျ ရေးဆွဲဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရန် အလျင်စလို ဆောင်ရွက်ရေးဆွဲခဲ့လျှင် လိုအပ်ချက်များ၊ အားနည်းချက်များရှိနိုင်ပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် အင်မတန်အန္တရာယ်ကြီးမားလှပါကြောင်း။

မင်္ဂလာမြင်ကွင်း

ယနေ့ကျင်းပဆဲဖြစ်သော အမျိုးသားညီလာခံကြီးတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများက အမျိုးသားရေးစိတ်ဓာတ်ရှိရှိဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန်အတွက် အသေးစိတ်အခြေခံရမည့်မူများ ရရှိရန် အမျိုးသားညီလာခံ ဦးတည်ချက်ခြောက်ရပ်နှင့်အညီ ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ပေးလျက်ရှိကြကြောင်း၊ ယင်းဆောင်ရွက်ချက်သည် အတိတ်သမိုင်းကို သင်ခန်းစာယူပြီး အမှားအယွင်းနှင့် အားနည်းချက်များမပါစေရန် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲနှင့် တိုင်းတစ်ပါး၏ သွေးခွဲသပ်လျှိုမှုကြောင့် ပေါ်ပေါက်လာသော သံသယများကိုဖယ်ရှားပြီး ခိုင်မာသည့် အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ဆောင်ရွက်နေသော မင်္ဂလာမြင်ကွင်းပင်ဖြစ်ကြောင်း၊ အမှန်တကယ် အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားပြည်သူများ၏ဆန္ဒကို ထင်ဟပ်အခြေခံသော အမျိုးသားရေးအနှစ်သာရကို ဖော်ဆောင်နေသည့် မွန်မြတ်သော လုပ်ငန်းစဉ်ကြီးဖြစ်ပြီး တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တိုင်းပြု ပြည်ပြု ညီလာခံကြီးလည်းဖြစ်ကြောင်း၊ ဤညီလာခံကြီးတွင် တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ ပါတီပေါင်းစုံတို့ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို အုတ်မြစ်ချနေခြင်းပင်ဖြစ်ကြောင်း။

၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်က ကျင်းပခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် အသင်းနာယကကြီးဖြစ်သည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဝါဒစကားမြွက်ကြားရာ၌ **“ဒို့နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံပေါ်မှာ ဒို့ရဲ့ သွေးချင်းသားချင်း တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖြစ်အောင် တည်ဆောက်ကြရမယ်၊ ဒို့နိုင်ငံရဲ့ အနာဂတ်လမ်းခရီးဖြောင့်ဖြူးဖို့ နိုင်ငံတော်ဟာ ဆက်လက်ပြီး ငြိမ်းချမ်းသာယာမှုရှိသွားတာနဲ့အတူ ဖွံ့ဖြိုးတိုးတက်မှုလဲ ထက်ကြပ်မကွာ ဖြစ်ပေါ်သွားအောင်ဆိုရင် တိုင်းရင်းသားလူမျိုးအားလုံး အလေးထားပြီး လိုက်နာကျင့်သုံးရမယ့် အခြေခံဥပဒေရှိဖို့ လိုအပ်ပါတယ်၊ ဒါ့ကြောင့် ခိုင်မာတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်တယ်၊ အမျိုးသားညီလာခံကြီး ချောချောမောမောနဲ့ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခြင်းဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အဓိကကျသော အကြောင်းရင်းပဲဖြစ်တယ်”**ဟု ရှင်းလင်းမိန့်ကြားခဲ့ကြောင်း။

အာဏာခွဲဝေမှုအပိုင်း

ယခုကျင်းပနေသည့် အမျိုးသားညီလာခံတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်း အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများအတွက် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိနေကြောင်း။

ယခုအခါတွင် အမျိုးသားညီလာခံကြီးသည် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းဆုံးဖြတ်ချမှတ်နေရာ လုပ်ငန်းပမာဏအားဖြင့် သုံးပုံနှစ်ပုံကျော် ပြီးစီးဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကျင်းပနေသော အမျိုးသားညီလာခံကြီးသည် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် အခြေခံဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း၊ နှောင့်နှေးရာနှောင့်နှေးကြောင်း ကြံစည်၊ ပြောဆို၊ လုပ်ဆောင်နေကြသော အဖျက်လုပ်ရပ်များကို ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် မိမိတို့ ပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွ၊ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ထောက်ခံဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

တညီတညွတ်တည်းထောက်ခံဆန္ဒပြု

ထို့နောက် သဘာပတိက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုနှင့် စပ်လျဉ်း၍ လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက တစ်ခဲနက် တညီတညွတ်တည်း ထောက်ခံဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အတည်ပြုဆုံးဖြတ် ကြေညာသည်။

ယင်းနောက် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၈ နာရီခွဲတွင် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅–၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	အတီးပြိုင်ပွဲ
၈:၀၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅	၇။	အဆိုပြိုင်ပွဲ
၈:၂၅	၈။	မန်းချောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သချ်ာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [ရူပဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၅	၆။	သီချင်းကြီးပဒေသာ
၁၇:၂၅	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၅	၈။	မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅	၁၂။	အတီးပြိုင်ပွဲ
၁၉:၁၅	၁၃။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉:၂၅	၁၄။	အကပြိုင်ပွဲ
၁၉:၃၅	၁၅။	စူလာနဖာနှင့် ဆေးဖက်ဝင်သီးနှံများ
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ **“မင်းကုသဇာတ်တော်ကြီး”** (ဒုတိယဆု) [ရန်ကုန်တိုင်း] (အပိုင်း–၁)

အကောက်ခွန်နေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်မည့် အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများ၏ (၁၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်–၅၀၀)၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းက သွေးလှူဒါန်းရခြင်း၏ အကြောင်းကိုလည်းကောင်း၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်–၅၀၀) ရောဂါဗေဒဌာနမှူး ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီးဉာဏ်ထိန်လင်းက သွေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းက ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ သွေးပိုက်၊ သွေးအိတ်၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်–၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်က လက်ခံပြီး **(အပေါ်ပုံ)** ဂုဏ်ပြုလွှာမှတ်တမ်းကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း၊ တပ်မှူး ဗိုလ်မှူးချုပ် မြင့်မောင်နှင့် တာဝန်ရှိသူများသည် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း ၃၈ဦးတို့၏ စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးကြသည်။**(သတင်းစဉ်)**

နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်မှာ လျော်ကန်သင့်မြတ်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှသင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ယင်းပါတီမှ ဦးထွန်းရီ၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထို့ပြင် အဆိုပါရှင်းလင်းပြောကြားချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ပြောကြားခဲ့ကြောင်း၊ ယင်းသို့ ပြောကြားချက်အရ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီက ဤစာတမ်းကို တင်ပြခြင်းဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို လေ့လာရာတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များဆိုင်ရာအခန်း'အတွက် (၄၈)ချက်နှင့် တပ်မတော်အခန်းအတွက်(၁၄)ချက်တို့ပါရှိကြောင်း တွေ့ရှိရကြောင်း။

နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးများနှင့် တာဝန်များဆိုင်ရာ အခန်းနှင့်စပ်လျဉ်း၍ ရှေးဦးစွာ တင်ပြသွားမည်ဖြစ်ကြောင်း။

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြကြောင်း။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘ နှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ

ဟူ၍ ပါရှိပါကြောင်း။

နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များကို နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သီးခြားအခန်းတစ်ခန်း သတ်မှတ်ဖော်ပြထားခြင်းများရှိသကဲ့သို့ မြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၌လည်း သီးခြားခေါင်းစဉ်များဖြင့် ဖော်ပြထားကြောင်း တွေ့ရှိရကြောင်း။

နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံသားပြုမှုတို့နှင့်စပ်လျဉ်း၍ ဘက်စုံထောင့်စုံမှ လေ့လာတင်ပြထားခြင်းဖြစ်သည့်အပြင် ယင်းအချက်ကို အမျိုးသားညီလာခံက အတည်ပြုချမှတ်ထားပြီးဖြစ်ကြောင်း တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ အမျိုးသားညီလာခံကအတည်ပြုပြီးဖြစ်သည့် အခြေခံမူများကိုပင် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်း၌ အသေးစိတ်အခြေခံရမည့်မူများ အဖြစ်ဖော်ပြရန် လျော်ကန်သင့်မြတ်ပါကြောင်း။

ထို့အပြင် 'နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်'ဟူသော အချက်နှင့်စပ်လျဉ်း၍လည်း တစ်စုံတစ်ရာ ဖြည့်စွက်ဆွေးနွေးရန် မရှိကြောင်း တင်ပြအပ်ပါကြောင်း။

နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေးရရှိစေရေးနှင့်စပ်လျဉ်းသည့် အခြေခံမူခြောက်ရပ်ကို လုပ်ငန်းကော်မတီ၏ စုစည်းတင်ပြချက် အပိုဒ်(၃)မှ (၈)အထိ ပြည့်စုံစွာတင်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

ပြည်သူတစ်ရပ်လုံးအနေဖြင့် လွတ်လပ်မှု၊ ညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးများကို လိုလားကြကြောင်း၊ အဆိုပါ လိုလားချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ဥပဒေအရာ၌ ညီမျှမှုရှိရန် လိုအပ်ပါကြောင်း၊ တစ်နည်းအားဖြင့်ဆိုရပါမူ ဥပဒေ၏အထက်၌ မည်သူမျှမရှိစေရဘဲ နိုင်ငံအတွင်းရှိ ပြည်သူတစ်ရပ်လုံးတို့သည် ဥပဒေအရာ၌ တန်းတူညီမျှမှုအခွင့်အရေးရှိရန်နှင့် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူရပိုင်ခွင့်ရှိရန် လိုအပ်ကြောင်း။ သို့ဖြစ်ရာ–

'နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်'

ဟူသော အချက်မှာ လျော်ကန်သင့်မြတ်ပါကြောင်း။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးအသီးသီးတို့ မှီတင်းနေထိုင်လျက်ရှိကြပြီး လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိသည့်အလျောက် မိမိတို့ ယုံကြည်သက်ဝင်ရာ ဘာသာနှင့် အယူဝါဒများအား ကိုးကွယ်မှု ရှိကြပါကြောင်း။ သို့ဖြစ်ရာ–

'နိုင်ငံတော်သည် မည်သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရ'

ဟူသောအချက်မှာလည်း နိုင်ငံတော်၏ ပကတိအနေအထားများနှင့် ဆီလျော်ကိုက်ညီမှု ရှိသဖြင့် သင့်မြတ်ပါကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီက ရှင်းလင်းချပြချက်အပိုဒ်(၅)တွင် 'နိုင်ငံသားများအနေဖြင့် ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ သိပ္ပံနှင့် နည်းပညာများ ရှာဖွေဖော်ထုတ်မှု'လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ တူညီသောအခွင့်အလမ်းများရရှိစေရမည်ဟု ပါရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံသားများတွင် တိုင်းပြည်၏ လူများစုကြီးဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားများ အကျုံးဝင်ပါရှိနေသည့်အလျောက် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာ၌ ယင်းတို့အနေဖြင့်လည်း တူညီသော အခွင့်အလမ်းများ ရရှိနိုင်မည်ဟု သဘောရရှိပါကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေနှင့် မဆန့်ကျင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိသင့်ပါကြောင်း၊ နိုင်ငံသားများအနေဖြင့် လုပ်ငန်းများလုပ်ကိုင်ရာ၌ တူညီသော အခွင့်အလမ်းများ ရရှိခြင်းဖြင့် နိုင်ငံသားများအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သဖြင့် လုပ်ငန်းကော်မတီ၏ အဆိုပြုချက်မှာ လျော်ကန်သင့်မြတ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံရှိလူဦးရေ၏ ထက်ဝက်ကျော်ရှိနေသည့်အလျောက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် အမျိုးသမီးထုအင်အားမှာ များစွာအရေးပါသည့် အနေအထား၌ ရှိနေပါကြောင်း၊ ထို့မျှမက တူညီသော လုပ်အားအတွက်၊ တူညီသော အကျိုးခံစားခွင့်များရရှိသင့်ပါကြောင်း၊ သို့ဖြစ်၍ 'အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်' ဟူသောအချက်မှာ သင့်မြတ်ပါကြောင်း၊ ထို့အပြင် 'မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်' ဟူသော အဆိုပြုချက်မှာလည်း လျော်ကန်သင့်မြတ်မှုရှိကြောင်း တင်ပြအပ်ပါကြောင်း။

'နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သောအရည်အချင်းနှင့် ပြည့်စုံပါက နိုင်ငံတော်၏မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ'

ဟု ပါရှိပါကြောင်း။

အဆိုပါအချက်မှာ လူမျိုး၊ ဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာမရွေး တန်းတူညီမျှရှိစေရေးကို အာမခံချက် ပေးထားခြင်းဖြစ်သည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ထိရောက်စွာ အသုံးပြုနိုင်ရေးကို အထောက်အကူဖြစ်စေနိုင်ပြီး၊ အမျိုးသမီးထုတစ်ရပ်လုံးနှင့် ပြည်သူအများက လိုလားထောက်ခံကြမည်ဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း၊ သို့ရာတွင် အဆိုပါအပိုဒ်၌ ဆက်လက်ဖော်ပြထားသည့်–

'သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ'

ဟူသောအချက်ကို အခြေခံဥပဒေ၌ ထည့်သွင်းရေးသားခြင်းမပြုဘဲ ဖြစ်နိုင်ပါက သီးခြားဥပဒေများပြဋ္ဌာန်း၍ဖြစ်စေ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အမိန့်များ၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်းတို့ဖြင့် ဆောင်ရွက်ပါက သင့်လျော်မည်ဟု အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့အပြင် နိုင်ငံသားများ၏မူလအခွင့်အရေးများနှင့်စပ်လျဉ်း၍ 'မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ'ဟူသောအချက်သည် နိုင်ငံသားများအတွက် အခိုင်အမာအကာအကွယ်ပြုထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

နိုင်ငံသားများအနေဖြင့် လွတ်လပ်စွာကျင့်သုံးခွင့်ရှိသည့် အခွင့်အရေးများနှင့် စပ်လျဉ်း၍–

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြား ဘာသာသာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှုမရှိစေဘဲ၊ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်

ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားမည်ဖြစ်သည့်အလျောက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ နိုင်ငံသားများအား လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်နိုင်ခွင့်နှင့် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုထားခြင်းတို့မှာ လျော်ကန်သင့်မြတ်ပါကြောင်း။

နိုင်ငံသားများသည် အဆိုပါ လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ လွတ်လပ်ခွင့်ကို မထိပါးစေရန်နှင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးစသည့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို မထိပါးစေရန် အလေးထားဆောင်ရွက်သင့်သည် ဟူသောအချက်မှာလည်း လျော်ကန်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ရှေးနှစ်ပေါင်းများစွာကပင် နိုင်ငံအတွင်း အခြေချနေထိုင်လျက် မိမိတို့၏ ရိုးရာ၊ ယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ အခြေစိုက်နေထိုင်လျက်ရှိပါကြောင်း၊ သို့ဖြစ်ရာ 'နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်' ဟူသော အချက်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ပကတိအခြေအနေများနှင့် ဆီလျော်ကိုက်ညီမှုရှိသဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

ထို့အပြင် အဆိုပါ လွတ်လပ်မှုအခွင့်အရေးနှင့်စပ်လျဉ်းသည့်အပိုင်း၌ 'နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရကာကွယ်ပေးရမည်'ဟူ၍ လည်းကောင်း၊ 'ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရကာကွယ်ပေးရမည်'ဟူ၍လည်းကောင်း ပါရှိပါကြောင်း။

ယင်းအချက်များသည် နိုင်ငံသားများ၏ စည်းစိမ်ဥစ္စာ လုံခြုံမှုနှင့် လူ့အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရေးအတွက် ပြည့်ပြည့်စုံစုံ တင်ပြထားသဖြင့် တစ်စုံတစ်ရာ ထပ်မံဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

လူကို ကျေးကျွန်ပြုခြင်း၊ လူကို ရောင်းကုန်သဖွယ် အရောင်းအဝယ်ပြုခြင်းနှင့် ဥပဒေမဲ့အတင်းအဓမ္မ အလုပ်စေခိုင်းခြင်းများကို ကမ္ဘာ့နိုင်ငံအသီးသီးက လိုလားလက်ခံခြင်းမရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း လိုလားလက်ခံခြင်း မရှိပါကြောင်း၊ ထို့မျှမက မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ အစဉ်အလာများနှင့်လည်း ကိုက်ညီမှုမရှိပါကြောင်း၊ သို့ဖြစ်၍ (၁) နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှုများကို တားမြစ်သည်။ (၂) နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်ဟူသောအချက်များသည် လျော်ကန်သင့်မြတ်ပါကြောင်း။

အမျိုးသားညီလာခံက နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် ချမှတ်ခဲ့သည့် မူများအပေါ် အခြေခံလျက် ဘာသာ၊ သာသနာရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများအဖြစ် အဆိုပြုချက်ခုနစ်ရပ်ကို စုစည်းတင်ပြချက် အပိုဒ်(၁၆)မှ(၂၂)အထိတို့တွင် တင်ပြထားပါကြောင်း။

မြန်မာနိုင်ငံတွင် ပြည်သူများသည် မိမိတို့သက်ဝင်ယုံကြည်သည့် ဘာသာ၊ သာသနာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်များပြုထားသည့်အပြင် နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်ကအသိအမှတ်ပြုထားသည့် ဘာသာ၊ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ရန်ဟူသော အချက်များပါရှိကြောင်း၊ ထို့ပြင် ဘာသာ၊ သာသနာ ကိုးကွယ်မှုကို နိုင်ငံရေး၊ လူမှုရေးနှင့်အခြားလောကီရေးရာများနှင့် ရောထွေးမှုမရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံရေးအတွက် ဘာသာ၊ သာသနာကို အလွဲသုံးစားပြုမှုများ ပေါ်ပေါက်ခြင်းမရှိစေရေးအတွက်လည်းကောင်း၊ လူမျိုးရေးကြောင့်ဖြစ်စေ၊ ဘာသာ၊ သာသနာရေးကြောင့်ဖြစ်စေ၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ စိတ်ဝမ်းကွဲမှုများ မပေါ်ပေါက်စေရေးအတွက်လည်းကောင်း တားမြစ်ချက်များ ပါရှိနေသဖြင့် ထပ်မံဖြည့်စွက်အကြံပြုရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်းပြီး စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စများကို အပိုဒ်(၂၃)တွင်လည်းကောင်း၊ ပညာရေးဆိုင်ရာကိစ္စရပ်များကို အပိုဒ်(၂၄)နှင့် (၂၅)တို့တွင်ဖော်ပြထားပါကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများသည် မိမိမြတ်နိုးသည့်စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများကို လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိသင့်သကဲ့သို့ ယင်းသို့ဖော်ထုတ်ရာ၌လည်း အခြားတိုင်းရင်းသားမျိုးနွယ်စုတစ်စုစု၏ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာစသည်တို့ကို မထိပါးမိစေရန်အရေးကြီးပါကြောင်း၊ လုပ်ငန်းကော်မတီအဆိုပြုချက်များတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များ အကျုံးဝင်ပါရှိနေသဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း။

အသိပညာ၊ အတတ်ပညာများဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ပညာခေတ်ကြီးတွင် နိုင်ငံသားတိုင်းသည် ပညာသင်ကြားခွင့်ရှိပြီး အခြေခံပညာကို မသင်မနေရသတ်မှတ်မှုနှင့် သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ သုတေသနပြုမှုတို့မှာ နိုင်ငံတော်အတွက် အကျိုးသက်ရောက်မှုများ မလွဲမသွေဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ ထို့ပြင်မှုမက ထူးချွန်ထက်မြက်သူများအား နိုင်ငံတော်က ချီးမြှင့်ထောက်ပံ့ရန် သတ်မှတ်ချက်မှာ လူ့စွမ်းအားအရင်းအမြစ်များဖော်ထုတ်မှုကို တွန်းအားပေးရာရောက်စေသဖြင့် နိုင်ငံ၏လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီသောကြောင့် လျော်ကန်သင့်မြတ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ပေါ်ထွန်းလာပြီးနောက် မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်သွားမည်ဖြစ်ရာ အဆင့်ဆင့်သော လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားများကို ဆန္ဒပေးရွေးချယ်တင်မြှောက်ခွင့်ရမည်ဖြစ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်များရရှိကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှဆင်းသက်ရသည့်အလျောက် မိမိတို့ဆန္ဒပေးရွေးချယ်ထားသည့်ကိုယ်စားလှယ်များအား တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး 'ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်' ဟူသောအချက်နှင့် 'လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်'ဟူသောအချက်များကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း။

စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး–

၁။ နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားများသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်ဟူ၍ ပါရှိပါကြောင်း။

မြန်မာနိုင်ငံအား ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌ ကမ္ဘာနှင့်အဝန်း ဆက်နွယ်လွှမ်းခြုံမှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလျက်ရှိနေသည့် မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြိုင်အဆိုင် လှုပ်ရှားနေကြပါကြောင်း၊ နိုင်ငံသားများအနေဖြင့် ပြောင်းလဲဖြစ်ပေါ်နေသည့် ကမ္ဘာ့ဖြစ်စဉ်၊ ဖြစ်ရပ်များနှင့်အညီ လိုက်ပါဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သော ကူညီပံ့ပိုးမှုများနှင့် ဥပဒေအရ အကာအကွယ်ပေးမှုများကို ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ကျင့်သုံးမည့် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးဖြစ်ကြောင်း၊ နိုင်ငံတော်အခြေခံမူအဖြစ်သတ်မှတ်ရန် ချမှတ်ထားပြီးဖြစ်သည့်အလျောက် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်နိုင်သည်နှင့်အမျှ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်ကြီးဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အနေဖြင့် အကူအညီပေးမှုများနှင့်အာမခံမှုများပြုလုပ်ပေးခြင်းသည် လျော်ကန်သင့်မြတ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်ရာတွင် လယ်ယာကဏ္ဍမှ စိုက်ပျိုးထုတ်လုပ်မှုများသည်လည်း အရေးပါသည့်အပိုင်း၌ ရှိနေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ အမျိုးသားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၌လည်း ဈေးကွက်စီးပွားရေးနှင့်အညီ ဖော်ဆောင်နိုင်ခြင်းနှင့် နိုင်ငံတော်မှကူညီပံ့ပိုးမှုများ၊ အကျုံးဝင်မှုများရှိလိမ့်မည်ဟု သဘောရရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

ပြစ်မှုဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံသင့်သည့်မူများအဖြစ်–

၁။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ။

၂။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှအပြီးအပြတ် လွှတ်ခြင်းခံရလျှင်ဖြစ်စေ၊ အဆိုပါပြစ်မှုထင်ရှားစီရင်သည့်စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တဖန် ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်သည့်အခါမှအပ ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်း မပြုရ။

၃။ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်။

၄။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ် ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄ နာရီထက် ပို၍ ချုပ်နှောင်ခြင်းမပြုရ

ဟူ၍ ပါရှိပါကြောင်း။

ပြစ်မှုဆိုင်ရာအခွင့်အလမ်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းကော်မတီ၏ အဆိုပြုချက်များသည် ပြည့်စုံစွာ ဖော်ပြထားခြင်းဖြစ်သည့်အပြင် နိုင်ငံသားများ၏ လိုလားချက်များနှင့် ဆီလျော်ကိုက်ညီသောကြောင့် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သည့် အခွင့်အရေးများနှင့် စပ်လျဉ်ပြီး အသေးစိတ်အခြေခံရမည့်မူ ခြောက်ရပ်ကို အဆိုပြုထားကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းအဆိုပြုချက်များတွင် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေး တစ်ရပ်ရပ်ကို ရယူလိုလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို ထုတ်ဆင့်ပေးခွင့် အာဏာရှိမှု၊ စစ်မက်ဖြစ်ပွားချိန်၊ တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊ အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့် ကိစ္စမှတစ်ပါး စာချွန်လွှာထုတ်ဆင့်မှုများကို ရပ်ဆိုင်းထားခြင်း မပြုရန်၊ သတ်မှတ်မှု ဖော်ပြပါ အခြေအနေနှင့် အချိန်အခါမှအပ နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်း မပြုစေမှု၊ နိုင်ငံခြား တိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ၊ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိမှုနှင့်စပ်လျဉ်းသည့် အချက်များသည် နိုင်ငံသားများ၏ ဥပဒေပါ ရပိုင်ခွင့်များကို အခိုင်အမာပြုထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း၊ ထို့အပြင် "ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသောအခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သောအခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းပြုရမည်" ဟူသောအချက်သည် နိုင်ငံတော်၏အကျိုးငှာ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ထားသဖြင့်လည်း လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါကြောင်း။

နိုင်ငံသားများ၏တာဝန်များနှင့်စပ်လျဉ်းပြီး–

၁။ နိုင်ငံသားတိုင်းသည် (က)ပြည်ထောင်စုမပြိုကွဲရေး၊ (ခ)တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် (ဂ)အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန်တာဝန်ရှိသည်။

၂။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။

၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူ တစ်ရပ်လုံးအေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရန် တာဝန်ရှိသည်။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးပေါ်ထွန်းရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

၇။ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်"

ဟူ၍ ဖော်ပြပါရှိပါကြောင်း။

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူလအခွင့်အရေးများကို ရယူခံစားသကဲ့သို့ နိုင်ငံသားတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့် တာဝန်များရှိနေမည်သာဖြစ်ပါကြောင်း၊ နိုင်ငံသားများ၏ တာဝန်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ အဆိုပြုတင်ပြခဲ့သည့် တာဝန်သတ်မှတ်ချက်များသည် နိုင်ငံသားတစ်ဦးအနေဖြင့် ထမ်းဆောင်သင့်သည့် လုပ်ငန်းတာဝန်များဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ပါကြောင်း။

နိုင်ငံတော်ဆိုသည့် စကားရပ်နှင့်စပ်လျဉ်းပြီး ဤအခန်းပါ "နိုင်ငံတော်" ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်ဟု ပါရှိပါကြောင်း။

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာတွင် "နိုင်ငံတော်"ဆိုသည့် စကားရပ်နှင့် ယင်းစကားရပ်၏ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်ကို တစ်ပါတည်းဖော်ပြရန် ဟူသောအချက်မှာ လျော်ကန်သင့်မြတ်ပါကြောင်း။

တပ်မတော်သည် အမျိုးသားရေးအင်အားစုတစ်ရပ်ဖြစ်သည်မှာ မည်သူမျှမငြင်းနိုင် တိုင်းပြည်နှင့်လူမျိုးအတွက် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ၌ အစဉ်အဆက်ကူညီခဲ့

နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသည့်အခါ နိုင်ငံအတော်များများ၌ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို သတ်မှတ်ဖော်ပြထားခြင်းများရှိကြောင်း တွေ့ရှိရပါကြောင်း၊ ထို့ပြင်မှုမက မြန်မာနိုင်ငံ၌ ကျင့်သုံးဖော်ဆောင်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၌လည်း အလားတူပြဋ္ဌာန်းမှုများ ရှိခဲ့ပါကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ပါရှိသကဲ့သို့ နိုင်ငံသားများအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်များရှိလာမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီ၏ ချပြရှင်းလင်းချက်တွင် အဆိုပါ အင်္ဂါရပ်နှစ်ရပ်လုံး အကျုံးဝင်ပါရှိကြောင်း တွေ့ရှိရသဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

တပ်မတော်အခန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေး တင်ပြသွားပါမည်ဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ် ဇန်နဝါရီ၁၀ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက တပ်မတော်အခန်းနှင့် စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ (၁၄)ချက်ကို တင်ပြခဲ့ပါကြောင်း၊ အဆိုပါစုစည်းတင်ပြချက် အမှတ်(၁၄)ချက်တွင် "နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်"ဟု ပါရှိပါသည်။

ယင်းအချက်အရ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကျရောက်မှသာ တပ်မတော်က ကူညီဆောင်ရွက်ရမည့်သဘော သက်ဝင်နေပါကြောင်း၊ တပ်မတော်၏ ဗီဇနှင့် အစဉ်အလာ၊ တပ်မတော်အားဖွဲ့စည်းတည်ဆောက်ထားမှု၊ တပ်မတော်၏ အတွေ့အကြုံနှင့် စွမ်းဆောင်နိုင်မှုတို့အရ တပ်မတော်သည် နိုင်ငံ၏ အမျိုးသားရေး အင်အားစုတစ်ခု ဖြစ်သည်မှာ မည်သူမျှ မငြင်းနိုင်ပါ။ တပ်မတော်သည် တိုင်းပြည်နှင့်လူမျိုးအတွက် လူမှုရေး၊ စီးပွားရေး လုပ်ငန်းများ၌ အစဉ်အဆက်ကူညီဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း။

ယခုလက်ရှိအနေအထား၌လည်း နိုင်ငံသားများအတွက် ဘေးအန္တရာယ်မဟုတ်သော လူမှုရေးလုပ်ငန်းများ၊ မော်တော်ကားလမ်း၊ မီးရထားလမ်း၊ တံတားများ၊ ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်မှသာ ကူညီဆောင်ရွက်ရမည်ဆိုခြင်းကြောင့် ကျဉ်းမြောင်းသည့်သဘောသက်ဝင်နေပါကြောင်း၊ သို့ဖြစ်၍ တပ်မတော်အခန်းအတွက် စုစည်းတင်ပြသည့် အသေးစိတ်အခြေခံရမည့်မူများတွင် အချက် (၁၅)အဖြစ် အောက်ပါအတိုင်း "တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လာပါလျှင် လူမှုရေးအင်အားစုအဖြစ်လည်းကောင်း၊ စီးပွားရေးအင်အားစုအဖြစ်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပါဝင်ဆောင်ရွက်နိုင်သည်"ဟု ဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများအတွင်း သန္ဓေတည်ခဲ့၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ရင်နှစ်သည်းချာများဖြင့်ဖွဲ့စည်းထားသော တပ်မတော်ဖြစ်သည်။ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု အဓွန့်ရှည်ရေးတို့အတွက် ပြည်သူ့အကျိုးစီးပွားဘက်မှ အစဉ်ရပ်တည်ခဲ့သည့် သမိုင်းအစဉ်အလာရှိသည့် တပ်မတော်ဖြစ်သည်၊ သို့ဖြစ်၍ တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အဓိကတာဝန်ရှိကြောင်း၊ နိုင်ငံတော်၏ တစ်ခုတည်းသောတပ်မတော်အဖြစ်မပြိုမကွဲ အစဉ်အမြဲရပ်တည်နေရန် လိုအပ်ပေကြောင်း။

တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးထိပ်ပန်ဆင်လျက် ကာကွယ်စောင့်ရှောက်သော အဖွဲ့အစည်းအဖြစ်ရပ်တည်ကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးစသည့် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်နေလျက်ရှိပါကြောင်း။

တပ်မတော်သည် အခြေခံဥပဒေဘောင်အတွင်းရှိနေကာ တပ်မတော်၏ ဗီဇနှင့်အစဉ်အလာ၊ တပ်မတော်အားဖွဲ့စည်းတည်ဆောက်ထားမှု၊ တပ်မတော်၏ အတွေ့အကြုံနှင့် စွမ်းဆောင်နိုင်မှုတို့ကို မှန်ကန်စွာသုံးသပ်ပြီးလျှင် တပ်မတော်သည် အမျိုးသားရေးအင်အားစု၊ လူမှုရေးအင်အားစု၊ စီးပွားရေးအင်အားစုအဖြစ်လည်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းတွင် အခြေခံဥပဒေနှင့်အညီ နည်းလမ်းကျန မှန်ကန်စွာ ပါဝင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း။

ဖော်ပြပါရပ်တည်ချက်များဖြင့် တပ်မတော်သည် ခေတ်မီတိုးတက်သော တပ်မတော်၊ တိုင်းရင်းသားလူမျိုးများအားလုံးနှင့်သက်ဆိုင်သော အမျိုးသားတပ်မတော်၊ ပြည်သူတို့က ယုံကြည်အားထားရသော ပြည်သူ့တပ်မတော် ဖြစ်လာစေရန် အစဉ်အလေးထား ကြိုးပမ်းလျက်ရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အခြေခံမူများကို ၁၉၉၃ ခုနှစ် စက်တင်ဘာ ၁၆ရက်၌ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါ အခြေခံရမည့်မူများတွင် တပ်မတော်နှင့်စပ်လျဉ်း၍ အခြေခံရမည့်မူခြောက်ရပ်ပါရှိခဲ့ပါကြောင်း။

ယင်းချမှတ်ခဲ့သည့် အခြေခံရမည့်မူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေးသည့်အခါ အခြေခံအဖြစ် ထားရှိဆောင်ရွက်ရန်လည်းကောင်း သက်ဆိုင်ရာအခန်းနှင့်စပ်လျဉ်းသည့်မူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေးသည့်အခါ ထိုအခန်းသို့ပြောင်းရွှေ့ဖော်ပြရန်အတွက်လည်းကောင်း သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ပြင် တပ်မတော်အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌကတင်ပြရာတွင်လည်း အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သော တပ်မတော်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြောင်းရွှေ့ဖော်ပြရန် အဓိကထား၍ တင်ပြခဲ့ကြောင်း တွေ့ရှိရပါကြောင်း၊ ထို့ပြင်မှုမက မြန်မာ့တပ်မတော်သည် ကမ္ဘာ့နိုင်ငံများမှ တပ်မတော်များနှင့်မတူဘဲ မြန်မာနိုင်ငံ၏ သမိုင်းရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များအပေါ်အခြေခံလျက် ပေါက်ဖွားခဲ့ခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

သန်လျင် ဓမ္မသဘင်အစီအစဉ်

ရန်ကုန် ဇန်နဝါရီ ၂၄

သန်လျင်ဓမ္မသဘင်ကို သန်လျင်မြို့ သိမ်ကျောင်းလမ်း သိမ်ကျောင်းစာသင်တိုက်၌ ဇန်နဝါရီ ၂၄ ရက်(အင်္ဂါနေ့)မှ ၂၉ ရက်(တနင်္ဂနွေနေ့)အထိ နေ့စဉ်ညရနာရီမှစ၍ စီစဉ်ကျင်းပလျက်ရှိသည်။

ဟောကြားမည်

ဟောကြားတော်မူကြမည့် ဆရာတော်များမှာ ဇန်နဝါရီ ၂၅ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ၂၆ရက်တွင် အရှင်ရာဇိန္ဒရဝေနွယ်(အင်းမ)၊ ၂၇ ရက်တွင် အရှင်ဒေါက်တာ ဥာဏဂ္ဂ (M.A, Ph.D)၊ ၂၈ရက်တွင် အရှင်ခေမိန္ဒ(စစ်ကိုင်း ခင်မကန်တိုက်)၊ ၂၉ ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကလေးတရားပွဲကို ဓမ္မဒူတ အရှင်ဆေကိန္ဒကလည်းကောင်း၊ ၂၉ရက်ညရနာရီတွင် ဘဒ္ဒန္တ ဇတိလ မဟာဓမ္မကထိက ဗဟုဇနဟိတဓရကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

စက်မှုလုပ်ငန်းနှင့် အဆောက်အအုံကြီးများ၌ စွမ်းအင်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ရန် ကျွမ်းကျင်မှုဆိုင်ရာအကူအညီပေးရေး အမျိုးသားညှိနှိုင်းမှုအလုပ်ရုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၄

စွမ်းအင်ဝန်ကြီးဌာနသည် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်၏ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများနှင့်အဆောက်အအုံကြီးများ၌ စွမ်းအင်စီမံခန့်ခွဲမှုစနစ်တစ်ရပ် ရေးဆွဲဆောင်ရွက်ရန်အတွက် ကျွမ်းကျင်မှုဆိုင်ရာအကူအညီပေးရေး အမျိုးသားညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကျော်ဝင်းနှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေး ကော်မရှင်မှ ပညာရှင်များ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသော ဌာနအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေး ကော်မရှင်မှ ကျွမ်းကျင်ပညာရှင် Mr. Francis Chin တို့က အမှာ စကား အသီးသီးပြောကြား ဖွင့်လှစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ဆောက်လုပ်ရေးလုပ်ငန်းခွင် ဝန်ကြီးဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး၊ စံချိန်စံညွှန်းပြည့်မီရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ် ဆောက်လုပ်မှုလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အဖွဲ့အား မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဆောက်လုပ်ရေး ဆိုင်ရာတာဝန်ရှိသူများက မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ရှိ စုပေါင်းခန်းမ၊ အစည်းအဝေးခန်းမ၊ သင်တန်းခန်းမ၊ စာကြည့်တိုက်၊ ဆရာများနားနေခန်းနှင့် ရုံးခန်းများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက အဆောက်အအုံနှင့်ခေတ်မီပစ္စည်းကိရိယာများကို ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စွာထားရှိရေး၊သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစေရေး၊စနစ်တကျ သပ်ရပ်သန့်ရှင်းစွာ ရှိစေရေးစသည်တို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ချောက်မြို့နယ်ရှိ သစ်တောစိုက်ခင်းများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ၂၃ရက် နံနက်ပိုင်းတွင် ချောက်မြို့နယ် ရွှေပုံတောင်သို့ ရောက်ရှိ ပြီး သစ်တောရေးရာဝန်ကြီးဌာန ရွှေပုံတောင် ကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနား တက်ရောက်၍ ကြက်ဆူပင်များ စိုက်ပျိုးပေးပြီး (အောက်ဝဲပုံ) **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဒေသခံပြည်သူ တို့က ကြက်ဆူပင်များ စိုက်ပျိုးနေကြသည်များကို ကြည့်ရှုအားပေးသည်။**

မှာကြား

ထို့နောက်ဝန်ကြီးအား ချောက်မြို့ ရွှေပုံတောင် တမာစိုက်ခင်းရှင်းလင်းဆောင်၌ စိုက်ခင်းတာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်နိုင်က တမာပင်များ စိုက်ပျိုးထားရှိမှု၊ ဧက၃၀၀၀ ပြည့်အောင် ထပ်မံစိုက်ပျိုးမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ဝန်ကြီးက ၂၀၀၆ ခုနှစ် စိုက်ပျိုးရာသီကာလတွင် ကြက်ဆူပင်များ ထပ်မံစိုက်ပျိုးရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရွှေပုံတောင်တမာစိုက်ခင်းနှင့် ရွှေပုံတောင် ပျိုးဥယျာဉ်တို့သို့ ရောက်ရှိပြီး မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးထောင်ထားသော ပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ပုပ္ပားတောင်ဥယျာဉ် သစ်တောရိပ်သာသို့ ရောက်ရှိလာရာ ပုပ္ပားတောင် ဥယျာဉ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်က ကြိုးဝိုင်းတိုးချဲ့နေမှု၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှု၊ စစ်ဆေး လမ်းဖောက်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလက(၄)ရန်ကင်း
အာစရိယပူဇော်ပွဲ
ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကင်းမြို့နယ် အလက(၄) ရန်ကင်းကျောင်းတွင် ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၈ရက်(စနေနေ့)နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်သည်။ ၁၉၆၅မှ၂၀၀၅ခုနှစ်အထိပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့နိုင်ရန် ကြွရောက်ကြရန်နှင့် စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းလှူဒါန်းကြရန် နှိုးဆော်ထားသည်။ အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာအောင် ဖုန်း- ၅၆၆၈၃၂(ကျောင်း)၊ ၅၅၅၄၃၀(အိမ်)၊ ဦးစိန်ဝင်း ဖုန်း-၅၄၁၆၇၃၊ ဦးစိန်သိုက် ဖုန်း- ၀၉-၈၀ ၂၀၇၃၆၊ ဒေါ်နွယ်နီဇင် ဖုန်း-၅၄၂၇၄၂၊ ဦးဉာဏ်ထက် ဖုန်း-၀၉-၅၁-၃၆၇၇၃နှင့် ဦးချမ်းငြိမ်းအောင် ဖုန်း-၅၅၉၃၃၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စာမျက်နှာ ၇ မှ

သို့ဖြစ်၍ တပ်မတော်အခန်းအတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် သတ်မှတ်ရန် အဆိုပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာထပ်မံဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများသည် ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို သေချာစွာလေ့လာစိစစ်ပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာ၊ ခေတ်စရိုက်အခြေအနေများနှင့် ကိုက်ညီမှုရှိအောင် ပြုစုထားကြောင်း တွေ့ရှိရပါကြောင်း၊ ထို့အပြင် တပ်မတော်ဆိုင်ရာအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများမှာလည်း မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ဆီလျော်ကိုက်ညီသည့်အပြင် အမျိုးသားညီလာခံက သဘောတူချမှတ်ခဲ့ပြီးသည့် တပ်မတော်ဆိုင်ရာ အခြေခံမူများဘောင်အတွင်းမှဖြစ်ကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

အချုပ်အားဖြင့် ဆိုရပါမူ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများသည် အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ပြီး ဖြစ်သည့် ဦးတည်ချက်(၆)ရပ်နှင့် အခြေခံမူ(၁၀၄)ချက် ဘောင်အတွင်း ရေးဆွဲချမှတ်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကိုမျှော်ကိုးလျက် မိမိတို့ပါတီက အကြံပြုတင်ပြခဲ့သည့် အချက်များကိုလည်း သင့်လျော်သလို ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေး အဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲက စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

သဘာပတိ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင် ဒေါက်တာပိုက်တင်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင်၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြစိန်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၉ ဦးရှိပြီး ၁၀၆၈ ဦးတက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၈ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ပြန်လည်ကျင်းပ

ထို့နောက် သဘာပတိအလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဦးကျော်မျိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်ရန်အတွက်အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ရက်ကစပြီး ပြန်လည် ကျင်းပခဲ့ရာ ၂၀၀၅ခုနှစ် မတ်လ၃၁ရက်တွင် ဥပဒေပြုရေးအခန်း၌ ပါဝင်သည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင်အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့သကဲ့သို့ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၂ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယင်းနောက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃ရက်၊ ၁၄ရက်နှင့် ၁၅ရက်နေ့တွင်ကျင်းပသည့်အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ဥပဒေပြုရေးအခန်းတွင် ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများ၊ တစ်နည်းအားဖြင့်လွှတ်တော်များ၏ လုပ်ငန်းဆက်သွယ်မှုအပိုင်းများနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံမူများကို ညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း။

ဖတ်ကြားတင်ပြခဲ့

ယင်းရှင်းလင်း ပြောကြားချက်များကိုလေ့လာပြီး လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များက မိမိတို့ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အကြံပြုချက်စာတမ်းများကိုပြုစုခဲ့ကြပြီး ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးတွင် ဖတ်ကြားတင်ပြခဲ့ကြပြီးဖြစ်ကြောင်း၊ ယင်းသို့ ဖတ်ကြားတင်ပြခဲ့စဉ်က ညီလာခံကိုယ်စားလှယ်များအနေနှင့် စိတ်ပါဝင်စားစွာ နားထောင်မှတ်သားခဲ့ကြသည့်အတွက် သဘာပတိအဖွဲ့၏ ကိုယ်စား ကျေးဇူးတင်ပါကြောင်း ပြောကြားလိုက်ကြောင်း။

ယင်းနောက် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ဆက်လက်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း။

အကြံပြုစာတမ်းများ

ယင်းရှင်းလင်းပြောကြားချက်များကိုလေ့လာပြီး နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ညီလာခံကိုယ်စားလှယ်များက မိမိတို့ကိုယ်စားလှယ်အစုအဖွဲ့အလိုက်ပွင့်ပွင့်လင်းလင်း အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး မိမိတို့၏အကြံပြုချက်စာတမ်းများကို ပြုစုတင်ပြခဲ့ကြကြောင်း။

ယခုဆိုလျှင် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက မိမိတို့၏ အကြံ ပြုချက်စာတမ်းများကို ဤစုံညီအစည်းအဝေးကြီးတွင်စတင်ဖတ်ကြားတင်ပြတော့မည်ဖြစ်ကြောင်း။

ယခုဖတ်ကြားတင်ပြမည့်စာတမ်းများတွင် ပါဝင်မည့် အကြံပြုချက်များသည် နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အရေးကြီးသည့် အကြံပြုချက်များ ပါရှိမည်ဖြစ်သည့်အတွက် ညီလာခံကိုယ်စားလှယ်များအားလုံးက စိတ်ပါဝင်စားစွာဖြင့် လေ့လာမှတ်သားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ယင်းပါတီမှ ဦးထွန်းရီက ဖတ်ကြားတင်ပြသည်။

(ဦးထွန်းရီ၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေး အကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၌ပါဝင်သော ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ဆွေးနွေး အကြံပြုချက်စာတမ်းကို ယင်းအဖွဲ့ချုပ်မှ ဦးအောင်ခင်ကဖတ်ကြားတင်ပြသည်။

(ဦးအောင်ခင်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၌ပါဝင်သော မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့မှ ဦးမောင်ပိန်(ခေါ်) ဦးခင်မောင်သိဏ်းက ဖတ်ကြားတင်ပြသည်။

(ဦးမောင်ပိန်(ခေါ်)ဦးခင်မောင်သိဏ်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးကျာဟားရှဲက ဖတ်ကြားတင်ပြသည်။

(ဦးကျာဟားရှဲ၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်မျိုးဝင်း အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကြိုတောင့်ကြိုခဲ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ရာပြည့်ပွဲ

ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

ဝင်းဇော်

"ပျော်ရွှင်စရာ တို့ရှာဖွေ XXX သွားကြစို့လေ ကလေးတို့ရေ XXX ဒီနေ့တနင်္ဂနွေ XXX မင်းတို့အပျင်းလဲပြေ XXX ဗဟုသုတလဲရရန်မသွေ XXX တိရစ္ဆာန်ဥယျာဉ် ခုပင်သွားမယ်လေ XXX "ဟူ၍ အစချီသော မိသားစုသီချင်းကို ရေဒီယိုမှ မကြာခဏ ကြားခဲ့ရဖူးသည်။

အဆိုပါ သီချင်းစာသားအတိုင်းပင် မိဘများ၏ အားလပ်ရက်၊ ကလေးများ၏ ကျောင်းပိတ်ရက်များတွင် မိသားစုအလိုက် လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းများ စုစည်း၍လည်းကောင်း တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်လည်ပတ် လေ့လာရခြင်းသည် ပျော်ရွှင်မှု၊ အပန်းပြေမှုကို ဖြစ်စေသည်သာမက ဗဟုသုတလည်း ပွားများစေလေသည်။

အချို့က တိရစ္ဆာန်ဥယျာဉ်သည် ကလေးများအတွက်သာ ပျော်စရာကောင်းသောနေရာဟု အထင်ရှိကြသော်လည်း အမှန်မှာမူ ဖေဖေ၊ မေမေ၊ ဘိုးဘိုး၊ ဘွားဘွားတို့အတွက်ပါ အပန်းဖြေရာနေရာ၊ ဗဟုသုတများ ရှာမှီးရာနေရာတစ်ခုဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် ရန်ကုန်မြို့၏အချက်အချာကျသောနေရာ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင်တည်ရှိသည်။ ရွှေတိဂုံစေတီတော်မြတ်နှင့် မဟာဝိဇယစေတီတော်မြတ် အနီးတွင်ရှိသည့်အပြင် ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်၏ အနီးတွင်လည်းရှိသည်။ အားလပ်ရက်များတွင် ရွှေတိဂုံစေတီတော်နှင့် မဟာဝိဇယစေတီတော်များကို ဖူးမြော်အပြီး၌ တိရစ္ဆာန်ဥယျာဉ်အတွင်း ဝင်ရောက်အပန်းဖြေနိုင်သည်။ ညနေစောင်းတွင် ကန်တော်ကြီးဥယျာဉ်အတွင်း ဝင်ရောက်လမ်းလျှောက် အပန်းဖြေရင်း ရေကန်သာနှင့် သစ်ရိပ်တောရိပ်များကိုလည်း ဝင်ရောက်ခံစားနိုင်သည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို စတင်တည်ထောင်ခဲ့သည်မှာ ၁၉၀၆ခုနှစ်ကတည်းကဖြစ်သည်။ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၅ရက်နေ့ **(ယနေ့)**တွင် နှစ်(၁၀၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ယနေ့ သက်ရှိထင်ရှားရှိနေသော ဘိုးဘိုးဘွားဘွားများသည် ငယ်စဉ်ကာလက အဆိုပါတိရစ္ဆာန်ဥယျာဉ်တွင် ဝင်ရောက် အပန်းဖြေဖူးကြပေမည်။ အလားတူပင် ဖေဖေ၊ မေမေတို့သည်လည်း ငယ်စဉ်က တိရစ္ဆာန်ဥယျာဉ်အတွင်း ဝင်ရောက် လေ့လာအပန်းဖြေဖူးကြပေလိမ့်မည်။ ယနေ့ခေတ် သားငယ်၊ သမီးငယ်များသည်လည်း ဥယျာဉ်အတွင်း မိဘဘိုးဘွားများနှင့်အတူ အကြိမ်ကြိမ်ရောက်ဖူးကြပေလိမ့်မည်။

ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေတို့ ငယ်စဉ်ကာလ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် သားငယ်၊ သမီးငယ်တို့၏ ယနေ့ခေတ်ကာလနှင့် မတူတော့ပြီ။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် သားရဲစုံသောကျေးငှက်ပေါသည့် တောမြိုင်ကန္တာကြီးဖြစ်၍နေပြီ။ အပန်းဖြေရုံ သာမက လေ့လာစရာများပင်တစ်ပုံတစ်ပင်ရှိသော ဘက်စုံဖွံ့ဖြိုးသည့် ဥယျာဉ်ကြီးကဲ့သို့ ဖြစ်လျက်ရှိနေပေပြီ။

ထို့ကြောင့် သားငယ်သမီးငယ်များသာမက ဘိုးဘိုးဘွားဘွား၊ဖေဖေ၊မေမေတို့ပါ ငယ်ဓလေ့ အောက်မေ့ဖွယ်ရာနေရာအဖြစ်လည်းကောင်း၊ အပန်းလည်းပြေ ဗဟုသုတလည်း ရှာမှီးရာနေရာအဖြစ်လည်းကောင်း လာရောက်လေ့လာသင့်လှပေသည်။

အထူးသဖြင့် ယခုကဲ့သို့ နှစ်(၁၀၀)ပြည့် ကာလကြုံတောင့်ကြုံခဲအခါသမယတွင် မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်းများ အစုအဖွဲ့အလိုက် လာရောက်လေ့လာသင့်လှပေသည်။

ယနေ့ ဇန်နဝါရီ၂၅ရက်နေ့မှ စတင်ကာ ဇန်နဝါရီ ၂၉ရက်နေ့အထိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အခမ်းအနားနှင့်ပျော်ပွဲရွှင်ပွဲကြီးကို ကျင်းပလျက်ရှိနေပေပြီ။

တိရစ္ဆာန်ဥယျာဉ် နှစ်(၁၀၀)ပြည့် အခမ်းအနားတွင် တိုင်းရင်းသားပြည်သူများ အပန်းဖြေ အနားယူနိုင်ရန် သစ်တောရေးရာ ဝန်ကြီးဌာနက အထူးအစီအစဉ်များဖြင့် စီမံဆောင်ရွက်ထားသည်။

ပွဲတော်ကာလအတွင်း နာမည်ကျော်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်ပွဲ၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ကလေးငယ်များပြိုင်ပွဲ (၂၀၀၆)၊ ကလေးငယ်များ၏ တိရစ္ဆာန်ပုံစံဝတ်စားဆင်ယင်မှုပြိုင်ပွဲ၊ Rap Song Contest (2006)၊ ပန်းအလှဆင်ပြိုင်ပွဲနှင့် နိုင်ငံတကာ စားဖိုမှူးများ၏ ဟင်းချက်သရုပ်ပြပွဲ၊ရုပ်ရှင်နှင့်ကာတွန်းကားများ ကြည့်ချင်ပွဲ၊ ဖက်ရှင်ပြပွဲ၊ တိရစ္ဆာန်များနှင့် ပတ်သက်သည့် ဉာဏ်စမ်းပုစ္ဆာပြိုင်ပွဲများ၊ ဆပ်ကပ်နှင့် မျက်လှည့်ပွဲများ၊ နှစ်(၁၀၀)ပြည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ပြခန်းများစသည်တို့ကို ခင်းကျင်းပြသလျက်ရှိသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ ရာပြည့်ပွဲတော် အစီအစဉ်များကား စုံလင်လှသည်။ ထိုမျှမက အများပြည်သူများ သတ္တဗေဒဆိုင်ရာ ဗဟုသုတများရရှိစေရေးအတွက် နို့တိုက်သတ္တဝါ ၆၁ မျိုး၊ ကျေးငှက်အမျိုးပေါင်း ၇၀၊ တွားသွားသတ္တဝါ ၁၆ မျိုး အပါအဝင် တိရစ္ဆာန်အမျိုးအစားပေါင်း ၁၅၀ ကျော်တို့ကို စိတ်ဝင်စားဖွယ်တွေ့မြင်ကြရမည်ဖြစ်သည်။ ထို့ပြင် ဆင်၊ ကြံ့သူတော်၊ သားမင်း၊ ရေမြင်း၊ ကုလားအုတ်၊ ကျား၊ ခြသေ့်၊ ဒရယ်နှင့် မျောက် အမျိုးမျိုး၊ မြွေ၊ လိပ်၊ မိကျောင်း နှင့် ငှက်အမျိုးမျိုးအပြင် သီပေါမင်း၏ ဆင်ဖြူတော်အစွယ်တစ်စုံ၊ ၇၂ပေရှိ ဝေလငါးအရိုးစုတို့ကို ဗဟုသုတဖြစ်ဖွယ် တွေ့မြင်လေ့လာခွင့်ရကြမည်ဖြစ်ပေသည်။

ထူးခြားမှုအနေဖြင့် တင်ပြရမည်ဆိုလျှင် ၁၉၆၁ခုနှစ်က ကယားပြည်နယ်မှရရှိသော ဆင်လိမ္မာမိုမိုသည် ယခုအခါ သက်တမ်းအားဖြင့် နှစ် ၅၀ကျော်ရှိပြီဖြစ်သည်။ ထို့အတူ ကြံ့ကြီးတစ်ကောင်မှာလည်း သက်တမ်း ၄၅နှစ်ခန့်ရှိကြောင်း သိရသည်။ ထို့ပြင် ၁၉၆၄ခုနှစ်တွင် တရုတ်နိုင်ငံမှ ရောက်ရှိလာသော ရေမြင်းကြီး ပေါက်ဖော်မှာလည်း ရေမြင်း သက်တမ်း နှစ် ၄၀ ကိုကျော်လွန်၍ ၄၆နှစ်ခန့်ရှိလာခဲ့ပြီဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်အဝင်လမ်း ယာဘက်ကုန်းပေါ်ရှိ ကျားများထားရှိသော အဆောက်အအုံမှာလည်း မူလပုံစံမပျက် သက်တမ်းနှစ်(၁၀၀)ခန့်ရှိ ရှေးဟောင်းအဆောက်အအုံ တစ်ခုအဖြစ် လေ့လာနိုင်ပေသည်။ အခြားစိတ်ဝင်စားဖွယ်တစ်ခုမှာ မြွေရုံအနီးရှိ နှစ်(၁၀၀) သက်တမ်းရှိ ပိတောက်ပင်ကြီးပင် ဖြစ်သည်။

ထို့အပြင် ရုက္ခဗေဒဆိုင်ရာ စုဆောင်းစိုက်ပျိုးထားရှိမှုအဖြစ် အပင်အမျိုးပေါင်း ၂၀၀ကျော်ရှိပြီး ကျွန်း၊ သော်ကကြီး၊ မယ်ဇယ်၊ လင်းလွန်းနှင့် ကရဝေးပင်စသည့် ဆေးဖက်ဝင်အပင်များကိုလည်း ဗဟုသုတရဖွယ် တွေ့မြင်ကြရမည် ဖြစ်သည်။

၂၀၀၅ခုနှစ်အတွင်း မွေးဖွားခဲ့သော ကျားကလေးငါးကောင်နှင့် မြင်းကျားသားအမိတို့ကိုလည်း ချစ်စဖွယ် တွေ့မြင်နိုင်သည်။

နိုင်ငံရပ်ခြားမှ တိရစ္ဆာန်မျိုးသစ်များကို အပြန်အလှန်ဖလှယ်ရေးအစီအစဉ်အရ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ရောက်ရှိလာသည့် ရှားပါးတိရစ္ဆာန်များကိုလည်း လေ့လာနိုင်ကြမည်ဖြစ်သည်။

၂၀၀၃ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ကန်တော်ကြီးဘက်စုံအဆင့်မြှင့်လုပ်ငန်းနှင့်အတူ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ဥယျာဉ်အတွင်းရှိ ဇုန်များအလိုက် ရေပေးဝေမှုစနစ်များစနစ်တကျ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြောက်ဘက်အဝင်မုခ်ဦး

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်ပွဲတော် မြောက်ဘက်အဝင် မုခ်ဦးကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ တင်စိုး–မြန်မာ့အလင်း)

အပန်းဖြေအနားယူရင်း ဗဟုသုတဖြစ်ဖွယ်များကို လှည့်ပတ် လေ့လာနိုင်ရန် ဥယျာဉ်ပတ် မော်တော်ယာဉ်များကို ဤသို့ စီစဉ်ထားသည်။
(ဓာတ်ပုံ တင်စိုး–မြန်မာ့အလင်း)

နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော အလျား ခုနစ်ပေ၊ အနံ ခြောက်ပေရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ပုံစံငယ်ကိုတ်မုန့်ကြီးကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ တင်စိုး–မြန်မာ့အလင်း)

မြွေရုံအနီး နှစ်(၁၀၀)သက်တမ်းရှိ ပိတောက်ပင်ကြီးကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ တင်စိုး–မြန်မာ့အလင်း)

သက်တမ်း နှစ်(၁၀၀)ခန့် ရှိပြီဖြစ်သော ရှေးဟောင်း အဆောက်အအုံ ကျားအိမ်ကိုလည်း ဤသို့တွေ့ရသည်။
(ဓာတ်ပုံ တင်စိုး–မြန်မာ့အလင်း)

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အမြောင်ကန်ကျေးရွာရှိ ပုဗ္ဗာရုံ ဘုန်းတော်ကြီးကျောင်းအတွင်း၌ စက်ရေတွင်းတူးဖော်ရန်အတွက် အမှတ်(၉)ရပ်ကွက် တောင်ဥက္ကလာပ ရန်ကုန်နေ ဦးသန်းရွှေ- ဒေါ်ခင်နွဲ့ရီမိသားစုက ကျပ်လေးသိန်းကို အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဦးဇနိတ(ရေနံချောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆရာဝန်တင်ရွှေ စာပေဆုရ စာအုပ်သုံးအုပ်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အကူအညီဖြင့် စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခုစတုတ္ထအကြိမ်အဖြစ် ရွေးချယ်၍ ဆုရစာအုပ်သုံးအုပ်အတွက် ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်သည်။ ဆရာဝန်တင်ရွှေသည် 'တင်ရွှေစာပေတိုက်'ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်တစ်ဦးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန၏ ခွင့်ပြုချက်ဖြင့် ၂၀၀၄ခုနှစ်အတွင်း ထုတ်ဝေသောစာအုပ်များအနက်မှ ချီးမြှင့်ရန်ရွေးချယ်ခံရသော စာအုပ်များမှာ စာရေးဆရာကြီးဦးသက်ထွန်း(အငြိမ်းစား သံအမတ်ကြီး)အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့်ရေးသားသည့် 'မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင်-A Myanmar Look at Others'၊ စာရေးဆရာကျော်ဝင်း ရေးသားသည့် 'ဦးနှောက်မှန်တိုင်းဆင်ခြင်း' စာအုပ်များနှင့် ဆရာမကြီးဒေါ်ကြည်ကြည်လှ အင်္ဂလိပ်ဘာသာဖြင့်ရေးသားသည့် 'Myanmar Tapestry' အမည်ရှိ မြန်မာ့ယဉ်ကျေးမှုရှုခင်း စာအုပ်တို့ဖြစ်ကြသည်။ ချီးမြှင့်မည့်ဆုငွေမှာ တစ်ဦးလျှင် ငွေကျပ်တစ်သိန်း ဖြစ်သည်။

ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲကို ဇန်နဝါရီ၂၈ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (အိုင်၊ ဘီ၊ စီ)၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးဆရာဝန်များအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ကျင်းပမည်ဖြစ်ရာ အမျိုးသမီးဆရာဝန်များအား ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လူထုဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

သတင်းနှင့်ပြန်ကြားရေးကဏ္ဍ၏ လူထုဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာ

သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ တိုးတက်ထွန်းကားနေသော မျက်မှောက် ကမ္ဘာကြီးတွင် လူထုဆက်သွယ်ရေး လုပ်ငန်းများသည် နေရာမလပ် ဖြန့်ကြက်ရောက်ရှိလာသည်။ ထိုသို့ ဖြန့်ကြက်ရောက်ရှိလာမှုကို ပြည်ပနိုင်ငံကြီးအချို့က ထိရောက်စွာ အသုံးချပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံ လွှမ်းခြုံကာ လူသားများအား ၎င်းတို့လိုရာ ပုံသွင်းလျက်ရှိသည်။

မျက်ခြည်မပြတ်ပို့ဆောင်ပေး

ယင်းအချိန်ကာလတွင် မြန်မာနိုင်ငံ၌ တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို မှန်ကန်သော စိတ်ထားဖြင့် အားကျိုးမာန်တက် ဆောင်ရွက်လျက်ရှိရာတွင် ကောင်းကျိုးခြင်းရာ သတင်းအဖြာဖြာကို ပြည်သူ့ထံမှ ပြည်သူ့ထံသို့ လည်းကောင်း၊ သတင်းအချက်အလက်များကို ပြည်တွင်းမှ ပြည်ပသို့လည်းကောင်း မျက်ခြည်မပြတ်ပို့ဆောင်ပေးလျက်ရှိသည်။

လူထုဆက်သွယ်ရေးလုပ်ငန်းများတွင် အဓိကကျသည့် သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းသည် ဒေသအလိုက်၊ ကဏ္ဍအလိုက်၊ အဖွဲ့အစည်းအလိုက်၊ အကြောင်းအရာအလိုက် မှန်ကန်သော သတင်းအချက်အလက်များကို ပြည်သူတို့ထံသို့ စဉ်ဆက်မပြတ်ပြန်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် မြို့ပြနေပြည်သူများ အသိအမြင်တိုးပွားစေရန်သာမက ကျေးလက်နေပြည်သူများ အသိအမြင် ဗဟုသုတနှင့် မှန်ကန်သော အတွေးအမြင် အယူအဆများ တိုးပွားလာစေရန်အတွက် သတင်းအချက်အလက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများမှ တစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ လွှမ်းခြုံပို့ဆောင်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် ကျေးရွာခြောက်သောင်းကျော်ရှိသည့်အနက် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၄၈၆၆၇ခုတိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ကျန်ရှိသောကျေးရွာများကိုလည်း ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း အပြီးဖွင့်လှစ်သွားနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဖမ်းယူကြည့်ရှုနိုင်

ထို့အပြင် ပြည်သူများနေ့စဉ် ဖတ်ရှုလျက်ရှိသည့် သတင်းစာများကို ယခင်က ရက်အတန်ကြာမြင့်သည့်တိုင် စောင့်ဆိုင်း၍ဖတ်ရှုရသည့် အခြေအနေမှ ယခုအခါ ဒေသအလိုက် ကိုယ်ပွားသတင်းစာတိုက်များ တည်ထောင် ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် သတင်းစာများကို နေ့ချင်းရောက်စောစီးစွာ ဖတ်ရှုနိုင်ကြပြီဖြစ်သည်။ ထို့အပြင် နိုင်ငံအတွင်းသာမက နိုင်ငံရပ်ခြားဒေသများကပါ မြန်မာ၊အင်္ဂလိပ်သတင်းစာများကို အင်တာနက်မှ တစ်ဆင့် ဖမ်းယူကြည့်ရှုနိုင်ကြပြီဖြစ်သည်။

တပ်မတော်အစိုးရ လက်ထက်တွင် ပြည်သူများအားမှန်ကန်သော အသိအမြင် ဗဟုသုတများနှင့် သတင်းအချက်အလက်များပို့ဆောင်ပေးလျက်ရှိသည့် သတင်းနှင့်ပြန်ကြားရေး ကဏ္ဍ၏ လူထုဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာမှုတို့ကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ကချင်ပြည်နယ်မှ တိုင်းရင်းသားပြည်သူများ သတင်းစာနေ့ချင်းဖတ်ရှုနိုင်ရေးအတွက် မြစ်ကြီးနားမြို့တွင် ကိုယ်ပွားသတင်းစာတိုက်၏ သတင်းစာပုံနှိပ်လုပ်ငန်း ဆောင်ရွက်နေမှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



တိုးတက်ဖြစ်ထွန်းလာသော သတင်းနှင့်ပြန်ကြားရေးကဏ္ဍ၏ လူထုဆက်သွယ်ရေးလုပ်ငန်းများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	မြို့နယ် ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက်	၁၀၀	၃၇၅	၂၇၅
၂	စာကြည့်တိုက်အသင်းဝင်(သန်း)	-	၃ဒသမ၁၀	၃ဒသမ၁၀
၃	ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်	-	၄၈၆၆၇	၄၈၆၆၇
၄	ကိုယ်ပွားသတင်းစာတိုက်များ	-	၉	၉

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ဆောင်ရွက်ထားခြင်း၊ ပန်းအလှပင်များ ဝေဝေဆာဆာ စိုက်ပျိုးထားခြင်း၊ အဆောက်အအုံများ အဆင့်မြင့်ပြုပြင်မွမ်းမံထားခြင်း၊ လမ်းများ ပြန်လည်ပြင်ဆင်ထားခြင်းနှင့် သဘာဝသမိုင်း ပြတိုက်အား အဆင့်မြင့်ပြန်လည် မွမ်းမံခြင်းများကိုလည်း ဆောင်ရွက်ပေးထားသည်။

နိုင်ငံတော်က တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ကျေးငှက်တိရစ္ဆာန်များကို ကျန်းမာရေးနှင့်အစားအသောက်မှအစ စနစ်တကျ ပြုစုကျွေးမွေးထိန်းသိမ်းပေးလျက်ရှိပြီး သဘာဝအလျောက် လွတ်လပ်စွာနေထိုင်ကျက်စားနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် အချို့တိရစ္ဆာန်များမှာ ရှင်သန်နိုင်သောသက်တမ်းထက် ပိုမိုအသက်ရှည်ကြကြောင်း တွေ့ရသည်။

ယခုအခါ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၂၅ရက်မှ ၂၉ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ထူးခြားသစ်လွင်သည့် တင်ဆက်ပြသမှုပြကွက်များအပြင်လာရောက်လေ့လာအပန်းဖြေကြသူများအတွက် ဝယ်ချင်၊ စားချင်စဖွယ် အမှတ်တရပစ္စည်းဆိုင်၊ စားသောက်ဆိုင်များကိုလည်း ခင်းကျင်းရောင်းချပေးမည် ဖြစ်သည်။ ထို့အပြင် အပန်းဖြေအနားယူရင်း ဗဟုသုတဖြစ်ဖွယ်များကို လှည့်ပတ်၍ လေ့လာနိုင်ရန် ဆင်လှည်းများ၊ ဥယျာဉ်ပတ်မော်တော်ယာဉ်များကိုလည်း စီစဉ်ပေးထားသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ရာပြည့်ပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများ၊ အရောင်းပြခန်းများနှင့် အခြားစိတ်ဝင်စားဖွယ်ရာ အစီအစဉ်များကိုလည်း အခြား မည်သည့်ပျော်ရွှင်ပွဲနှင့်မျှမတူ ထူးခြားစွာ စီစဉ်ပေးထားသည်။

တိရစ္ဆာန်ဥယျာဉ်အဝင်လမ်းမှစတင်၍ ပျော်ပွဲရွှင်ပွဲများကို ဇုန်အလိုက် အရောင်များခွဲခြားသတ်မှတ်ထားရာ အစိမ်းရောင်ဇုန်တွင် ဖက်ရှင်ပြပွဲနှင့် လူ့အသုံး အဆောင်ပစ္စည်းများ ရောင်းချသည့်ဆိုင်ခန်းများကိုလည်းကောင်း၊ အပြာနှင့်လိမ္မော်ရောင်ဇုန်တွင် စားသောက်ဖွယ်ရာမျိုးစုံ ခင်းကျင်းရောင်းချသည့်ဆိုင်များကိုလည်းကောင်း၊ အနီရောင်ဇုန်တွင် ဖက်ရှင်နှင့်အဝတ်အထည်ဆိုင်များ၊ အမှတ်တရပစ္စည်း၊ စာရေးကိရိယာနှင့် ပန်းချီပစ္စည်းများကိုလည်းကောင်း ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

ပျော်ပွဲရွှင်ပွဲလာသော ကလေးငယ်များအတွက် နိုင်ငံခြားဖြစ် လေပူဖောင်းများကို တစ်နေ့လျှင် အလုံး ၅၀၀နှုန်းဖြင့် ပွဲတော်ရက်အတွင်း လာရောက်သည့် ကလေးများအတွက် အခမဲ့ လက်ဆောင်ပေးဝေ သွားမည်ဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ ရာပြည့်ပွဲတော်သည် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့ သဘောတွေ့စေမည့် ထူးခြားသည့် ကြိုတောင့်ကြုံခဲ ပွဲတော်တစ်ခု ဖြစ်ပေသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို သက်တမ်းနှစ်(၁၀၀) အတွင်း အများပြည်သူများအတွက် ဆွဲဆောင်ရာနေရာတစ်ခုအဖြစ် ရေးမူမပျက် ထိန်းသိမ်းထားရှိခဲ့သည်။ ထို့ပြင် ဥယျာဉ်အတွင်း ခေတ်မီပြုပြင်မွမ်းမံမှုများကိုလည်း ဘက်စုံတိုးမြှင့်ဆောင်ရွက်ခဲ့သဖြင့် နှစ်စဉ် လူဦးရေ ၁ဒသမ ၅ သန်းခန့် စိတ်ဝင်တစား လာရောက်လေ့လာလျက်ရှိကြရာ နှစ်(၁၀၀)ပြည့်ပွဲတော်နှင့် ကြုံကြိုက်သည့် ကြုံတောင့်ကြုံခဲ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ရာပြည့်ပွဲတော်တွင် တိုင်းရင်းသားပြည်သူများ ချမ်းမြေ့ပျော်ရွှင်စွာ တပျော်တပါး လာရောက်အပန်းဖြေနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အေးသာယာဝိုင်စပျစ်ခြံ
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	ယဉ်ကျေးမှုတက္ကသိုလ် (ဂီတဌာန)
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	ဘိုင်းဒါးရေလှောင်တမံ
၈:၀၀	ဇော်ဝင်းထွဋ် Live Show At MCC-1
၈:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	အိပ်မက်ပန်းချီပြပွဲ
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင်ဇာမဏီ
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
၉:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	Myanmar Video Rhythm
၁၀:၄၀	သကြားလုံးစက်ရုံ (ကျောက်ဆည်)
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၅	အမျိုးသားများတွင် အဖြစ်များသော ကင်ဆာရောဂါများ (အဆုတ်ကင်ဆာ၊ အသံအိုးကင်ဆာ)
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	ယာဉ်မောင်းလိုင်စင် ရယူလိုလျှင်
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	Business Talk [ဦးမျိုးမြတ်သူ၊ဦးစိုးမြင့် (FMI)]
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် မိခင်ကြီး ဒေါ်မိမိလေးအားရည်စူး၍ ကမ္ဘောဇလမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဆန်း-ဒေါ်ခင်မာလာ၊ (မြေးကြီး)မောင်ဇော်မျိုးဆန်း-မစန္ဒာခင်မောင်အေး၊ (မြစ်)အေးရည်မွန်(ခ)မှူးပိုမို၊ (မြေးငယ်)မောင်ဝေလင်းဆန်းတို့၏ကောင်းမှုအဖြစ် အလှူငွေကျပ် ၁၁၁၀၀၀ကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံသားဆိုသည်မှာ နိုင်ငံတော်၏သစ္စာကို ခံယူစောင့်ထိန်းပြီး နိုင်ငံတော်ကပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်သည့်သူ နိုင်ငံတော်က ခွင့်ပြုသည့်အခွင့်အရေးရရှိသော သူများကို ဆိုလိုခြင်းဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ၂၄ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့ချုပ်မှ ဦးအောင်ခင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်း၏အနှစ်သာရမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတို့အပေါ်အခြေခံပြီး နိုင်ငံသားတိုင်း လူမှုဆက်ဆံရေး၌ တရားမျှတခြင်း၊ စီးပွားရေး၌ တရားမျှတခြင်း၊ နိုင်ငံရေး၌ တရားမျှတခြင်း၊ လွတ်လပ်စွာ တွေးကြံနိုင်ခြင်း၊ လွတ်လပ်စွာ ဖွင့်ဟရေးသားနိုင်ခြင်း၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်ခြင်း၊ လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ခြင်း၊ လွတ်လပ်စွာ စည်းရုံးနိုင်ခြင်း၊ လွတ်လပ်စွာ ပြုမူနိုင်ခြင်းများကို ရရှိခံစားခွင့်ရှိကြရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပညာရှင်များက ဖွင့်ဆိုခဲ့ကြကြောင်း၊ စစ်မှန်သည့် အချုပ်အခြာအာဏာဆိုသည်မှာ တရားမျှတခြင်းသာ ဖြစ်ပါကြောင်း၊ အချုပ်အခြာအာဏာကို အကြွင်းမဲ့မကျင့်သုံးမိရန် အာဏာသုံးရပ်နှင့် အချင်းချင်း အပြန်အလှန် ကွပ်ကဲထိန်းသိမ်းရန် လိုအပ်ခြင်းဖြစ်ပါကြောင်း၊ တရားမျှတမှုနှင့် ဆင်ခြင်တုံတရားကသာ အချုပ်အခြာအာဏာကို ဖြစ်ပေါ်စေပါကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ လွတ်လပ်မှုကို လေးစားရမည်ဖြစ်သော်လည်း အချုပ်အခြာအာဏာကို မည်သူကမျှ ဆန့်ကျင်နိုင်ခွင့်မရှိပါကြောင်း။ လူသားတိုင်း၏စားဝတ်နေရေး၊ အချင်းချင်းဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးများမှာ လူသားအများစုကလက်ခံသည့်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများရှိမှသာ လူသားများ၏ကောင်းရာကောင်းကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းငြိမ်းချမ်းစွာအတူတကွ ပူးပေါင်းနေထိုင်နိုင်ကြမှာဖြစ်ပါကြောင်း။

လူ့အခွင့်အရေး သို့မဟုတ် လူသားတို့၏မူလအခွင့်အရေးများနှင့် ပတ်သက်ပြီး ၁၆ရာစုအကုန် ၁၇ရာစုအတွင်းမှာ လူတစ်ဦးချင်း၏အနေအထားနှင့် လွတ်လပ်ခွင့်များကို ရှေ့တန်းတင် တွေးခေါ်ခဲ့ကြပါကြောင်း၊ မြန်မာသက္ကရာဇ် ၁၂၄၀ပြည့်နှစ်မှာ မြန်မာနိုင်ငံအတွက် ရှေးအကျဆုံးနှင့် ပထမဆုံးဟုဆိုနိုင်သည့် ယောမင်းကြီးဦးဘိုးလှိုင်ရေးသားသော **‘ရာဇဓမ္မသင်္ဂဟ’** ကျမ်းပေါ်ခဲ့ဖူးပါကြောင်း၊ ယင်းကျမ်းမှာ သက်ဦးဆံပိုင်ဘုရင်စနစ်အစား စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးရန် လူကြီးစုအသင်းခေါ် အထက်လွှတ်တော်တစ်ရပ်ထားရှိရန်၊ မှူးမတ်စုအသင်းခေါ် အောက်လွှတ်တော်ထားရှိရန် ရည်ညွှန်းရေးသားခဲ့ကြောင်း သိရပါကြောင်း၊ ၂၀ရာစုအတွင်း ရေးဆွဲခဲ့ကြသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းမှာ မူလအခွင့်အရေးအခန်းကို ထည့်သွင်းရေးဆွဲခဲ့ကြပါကြောင်း၊ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ခေါင်းစဉ် သို့မဟုတ် အခန်း(၁၄)ခန်းပါရှိပြီး နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ ခေါင်းစဉ်အစား မူလအခွင့်အရေးများဟု သုံးနှုန်းခဲ့ကြကြောင်း သိရှိရပါကြောင်း၊ အလားတူ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခေါင်းစဉ် သို့မဟုတ် အခန်း(၁၆)ခန်းပါရှိပြီး နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်ဝတ္တရားများဟု သုံးနှုန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ယခု မိမိတို့ရေးဆွဲနေသည့်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခေါင်းစဉ် သို့မဟုတ် အခန်း(၁၅)ခန်းပါရှိပြီး နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များဟု သုံးနှုန်းရန် ၁၉၉၃ခုနှစ် ဧပြီလ၇ရက်မှာဆုံးဖြတ်အတည်ပြုခဲ့ကြပါကြောင်း၊ ၁၉၄၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏နိဒါန်းပိုင်းမှာ“ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားများအားလုံး အချုပ်အခြာအာဏာပိုင်လွတ်လပ်သော မြန်မာနိုင်ငံကို အခိုင်အခံ့ အညီအညွတ်တည်ဆောက်ရန် သန္နိဋ္ဌာန်ချ၍ လည်းကောင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း တည်းဟူသော လောကပါလတရားများကိုအခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာဖွင့်ဟရေးသားဖော်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန် စသည်တို့ သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်ညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို နိုင်ငံသားအားလုံး ရရှိခံစားစေနိုင်ခြင်းငှာ အခိုင်အမာခံဝန်ပြု သန္နိဋ္ဌာန်ချ၍လည်းကောင်း”ဆိုပြီး လူ့အခွင့်အရေး အပြည့်အဝရှိကြောင်း ဖော်ပြခဲ့ပါကြောင်း။

အလားတူ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းမှာလည်း“လူလူချင်း၊ လူမျိုးအချင်းချင်း မတရားခေါင်းပုံဖြတ်ခြယ်လှယ်သော ဝိသမလောဘစနစ်ဆိုးများကို ဆန့်ကျင်လျက် တရားမျှတ၍ ဖြဟ္မာစိုရ်တရားထွန်းကားမှုကို ရှေးရှုမည့် လူတို့၏မသိနားမလည်မှု၊ ခေတ်နောက်ကျမှု၊ အခွင့်အလမ်းမဲ့မှုစသော အားနည်းချက်များအပေါ်တွင် သနားငဲ့ညှာစာနာထောက်ထားခြင်းမရှိမှုတို့ကို ကင်းရှင်းစေလျက် သာယာဝပြောစေမည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တည်ဆောက်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အတွင်း လူမှုရေးတန်းတူမှုဖြင့် မရှိအတူရှိအတူ၊ အေးအတူပူအမျှ၊ဥမကွဲသိုက်မပျက်၊ကောင်းတူဆိုးဖက် ထာဝစဉ် စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ဒီမိုကရေစီအခွင့်အရေးများ ပုဂ္ဂိုလ်ဆိုင်ရာ ပိုင်ဆိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကိုခံစားလျက် ဆိုရှယ်လစ်စနစ်နှင့် နိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်ခင် ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အတွက် ကျရောက်လာသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို အစဉ်ကြိုးပမ်း ကြမည်ဟု သန္နိဋ္ဌာန်ချ၍ လည်းကောင်း”ဟူ၍ ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံသားဆိုသည်မှာ နိုင်ငံတော်၏ သစ္စာကိုခံယူစောင့်ထိန်းပြီး နိုင်ငံတော်က ပေးအပ်သည့် တာဝန်ကိုပါ ကျေပွန်စွာ ထမ်းဆောင်သည့်သူ နိုင်ငံတော်က ခွင့်ပြုသည့် အခွင့်အရေးရရှိသောသူများကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးမှာ လူသားတိုင်းသည် မွေးရာပါ အခွင့်အရေးတစ်ရပ်ပင် ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း မူလအခွင့်အရေးများမရှိလျှင် လူသားအဖြစ် ရပ်တည်နိုင်ရန် အလွန်ခက်ခဲမှာဖြစ်ပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းပါ စည်းကမ်းချက်များသာမက ၁၉၄၈ ခုနှစ် လူ့အခွင့်အရေး ကြေညာစာတမ်းကို ရေးဆွဲစဉ်မှာလည်း ပါဝင်သည့်နိုင်ငံဖြစ်ကြောင်း၊ ကုလသမဂ္ဂ ကွန်ဗင်းရှင်းများ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များကို လက်မှတ်ရေးထိုး အတည်ပြုထားသည့် နိုင်ငံလည်း ဖြစ်ပါကြောင်း၊ ၁၉၉၄ ခုနှစ် ကုလသမဂ္ဂ (၄၉)ကြိမ်မြောက် အထွေထွေညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ကိုယ်စားလှယ်က မြန်မာနိုင်ငံသည် တာဝန်သိသည့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေနှင့်ရော ကုလသမဂ္ဂ ကိုယ်စားပြုသည့် သဘောတရားများကို မမှိတ်မသုန် အကောင်အထည်ဖော်သည့် နိုင်ငံတစ်နိုင်ငံအနေနှင့်ပါ ကုလသမဂ္ဂပဋိညာဉ် စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာတမ်းမှာပါရှိသည့် အခြေခံ လူ့အခွင့်အရေးများကို အစဉ်တစိုက် လက်ခံကျင့်သုံးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါကြောင်း၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်အဖြစ်အပျက်မျိုး မြန်မာနိုင်ငံတွင် ထပ်မံမဖြစ်စေရအောင် အတွေ့အကြုံ သင်ခန်းစာများရယူရမှာဖြစ်ပါကြောင်း၊ နောင်ဖြစ်လာမည့်ဖွဲ့စည်းပုံအခြေခံဥပဒေ တွင် ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်များ မပါရလေအောင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အခန်းအလိုက် ခေါင်းစဉ်များအတွက် အခြေခံရမည့်မူများချမှတ်ပေးထားခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းမူများမှာ နိုင်ငံတော်နှင့်ဆိုင်သည့် အခြေခံမူလေးချက်၊ နိုင်ငံတော်ဦးတည်ချက်နှင့် ဆိုင်သည့် အခြေခံမူခြောက်ချက်၊ ပါတီစုံဒီမိုကရေစီနှင့်ဆိုင်သည့် အခြေခံမူတစ်ချက်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့်ဆိုင်သည့် အခြေခံမူခုနစ်ချက်၊ နိုင်ငံတော် အကြီးအကဲနှင့်ဆိုင်သည့် အခြေခံမူနှစ်ချက်၊ နိုင်ငံတော် အချုပ်အခြာအာဏာနှင့် ဆိုင်သည့် အခြေခံမူနှစ်ချက်၊ ဥပဒေပြုရေးနှင့်ဆိုင်သည့် အခြေခံမူငါးချက်၊ အုပ်ချုပ်ရေးနှင့်ဆိုင်သည့် အခြေခံမူငါးချက်၊ တရားစီရင်ရေးနှင့်ဆိုင်သည့် အခြေခံမူငါးချက်၊ တပ်မတော်နှင့်ဆိုင်သည့် အခြေခံမူခြောက်ချက်၊ တိုင်းရင်းသားနှင့် ဆိုင်သည့် အခြေခံမူသုံးချက်၊ တောင်သူလယ်သမားနှင့်ဆိုင်သည့် အခြေခံမူနှစ်ချက်၊ အလုပ်သမားနှင့်ဆိုင်သည့် အခြေခံမူတစ်ချက်၊ အသိပညာရှင်၊ အတတ်ပညာရှင်နှင့်ဆိုင်သည့် အခြေခံမူတစ်ချက်၊ နိုင်ငံ့ဝန်ထမ်းနှင့်ဆိုင်သည့် အခြေခံမူနှစ်ချက်၊ အမျိုးသားယဉ်ကျေးမှုနှင့်ဆိုင်သည့် အခြေခံမူတစ်ချက်၊ ပညာရေး၊ ကျန်းမာရေးနှင့်ဆိုင်သည့် အခြေခံမူလေးချက်၊ စိုက်ပျိုးရေးနှင့် ဆိုင်သည့် အခြေခံမူတစ်ချက်၊ စက်မှုလက်မှုနှင့် ဆိုင်သည့် အခြေခံမူတစ်ချက်၊ အလုပ်အကိုင်နှင့်ဆိုင်သည့် အခြေခံမူတစ်ချက်၊ မိခင်နှင့်ကလေးအိုမင်းမစွမ်းနှင့် ဆိုင်သည့် အခြေခံမူနှစ်ချက်၊ လူငယ်နှင့်ဆိုင်သည့် အခြေခံမူတစ်ချက်၊ ဘာသာသာသနာနှင့်ဆိုင်သည့် အခြေခံမူခုနစ်ချက်၊ စီးပွားရေးနှင့်ဆိုင်သည့် အခြေခံမူခုနစ်ချက်၊ မြေရေသယံဇာတနှင့်ဆိုင်သည့် အခြေခံမူ သုံးချက်၊ ရွေးချယ်တင်မြှောက်ခြင်းနှင့်ဆိုင်သည့် အခြေခံမူနှစ်ချက်၊ နိုင်ငံရေးပါတီများနှင့် ဆိုင်သည့် အခြေခံမူတစ်ချက်၊ အရေးပေါ်ကာလနှင့်ဆိုင်သည့် အခြေခံမူသုံးချက်၊ နိုင်ငံခြားနှင့်ဆိုင်သည့် အခြေခံမူသုံးချက်၊ ပြစ်မှုပြစ်ဒဏ်နှင့်ဆိုင်သည့် အခြေခံမူနှစ်ချက်၊ သဘာဝပတ်ဝန်းကျင်နှင့် ဆိုင်သည့် အခြေခံမူတစ်ချက်၊ အထွေထွေပြဋ္ဌာန်းချက်နှင့်ဆိုင်သည့် အခြေခံမူသုံးချက်၊ နိုင်ငံသားနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များနှင့်ဆိုင်သည့် အခြေခံမူကိုးချက် စုစုပေါင်း အခြေခံမူ(၁၀၄)ချက် ဆိုပြီး ရှိပါကြောင်း။

အမျိုးသားညီလာခံ၏ ဦးတည်ချက်ခြောက်ရပ်နှင့် အခန်းအလိုက်အခြေခံရမည့်မူ(၁၀၄)ချက်ကို သေချာစွာလေ့လာကြည့်မည်ဆိုလျှင် နိုင်ငံသားတိုင်း တန်းတူညီမျှရှိကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးအပြည့်အဝ အာမခံကြောင်း၊ အနာဂတ်မြန်မာနိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပို့ဆောင်ပေးနေကြောင်း သိသာထင်ရှားနေပါကြောင်း၊ အခန်းအလိုက်ခေါင်းစဉ်များဆွေးနွေးသည့်နေရာမှာလည်း ချမှတ်ခဲ့ပြီးသည့် အခြေခံမူကို မှီငြမ်းကိုးကားရန် အသေးစိတ်အခြေခံရမည့်မူအဖြစ်အခြေခံမူကိုပင် လိုအပ်လျှင်အသုံးပြုရန် လုပ်ငန်းကော်မတီက လမ်းညွှန်မှုပေးထားပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံသားများက ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များဖြစ်သည့် မူလအခွင့်အရေးများကိုရယူခံစားသည့်နေရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အမြဲဦးထိပ်ပန်ဆင်ရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ အနုပညာ၊ စာပေများကို ထိပါးမှုမရှိစေရအောင်ထိန်းသိမ်းကြပြီး တရားနည်းလမ်းကျကျ ကျင့်သုံးရန်လိုအပ်ကြောင်း၊ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းအတွက် အခြေခံမူစာသားကို အသေးစိတ်အခြေခံရမည့်မူစာသားအဖြစ် ပြောင်းလဲသုံးနှုန်းသင့်ကြောင်း ရှင်းလင်းခဲ့ပါကြောင်း။

ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးဆိုသည့် လောကပါလတရားသည် စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံထူထောင်သည့်နေရာတွင် ပြည်သူများခံစားခွင့်ရှိသင့်သည့် အခွင့်အရေးများပင်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်၏ ကျင့်စဉ်များဖြစ်သည့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့များဖွဲ့စည်းခွင့်၊ နိုင်ငံတော်အတွင်းအခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် နေအိမ်ဥပစာလုံခြုံမှုရရှိခွင့်တို့ မလွဲမသွေရရှိကြမှာဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နေရာတွင် လူကိုအမြတ်တနိုးတန်ဖိုးထားကြရမှာဖြစ်သည့်အတွက် လူကိုကျေးကျွန်ပြုခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းတို့ကို လုံးဝခွင့်မပြုသင့်ကြောင်း ဆွေးနွေးလိုပါကြောင်း၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်သည့်နေရာတွင်လည်း နိုင်ငံတော်အကျိုးနှင့် အများပြည်သူများ၏အကျိုးကို ရှေးရှုပြီး ကိုးကွယ်မှုကို နိုင်ငံရေးနှင့် ရောထွေးမှုမရှိအောင်၊ အလွဲသုံးစားမှုမဖြစ်အောင် တစ်ဖက်နှင့်တစ်ဖက် မုန်းတီးမှု၊ ခိုက်ရန်ဖြစ်မှု မဖြစ်ကြရလေအောင် အထူးဂရုပြုရန်လိုအပ်ကြောင်း၊ မိမိတို့၏ နိုင်ငံတော်အတွင်း၌ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ကျော်ရှိသည့်အတွက် တိုင်းရင်းသားများ၏ ဘာသာစာပေယဉ်ကျေးမှုများကို လွတ်လပ်စွာ ဖော်ထုတ်နိုင်ခွင့်ပေးထားသင့်ပါကြောင်း၊ ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်အောင် နိုင်ငံသားများ၏ ပညာတတ်မြောက်မှုသည် အဓိကအခန်းကဏ္ဍမှာ ပါဝင်သည့်အတွက် ပညာရေးကိုလည်း ဘက်စုံ ထောင့်စုံမှ အားပေးသွားရမှာဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့်ဆိုင်သည့် ကိစ္စရပ်ကို ပြည်သူသန်း ၅၀ကျော်က တစ်နေရာတည်းမှ ကိုင်တွယ်ဆွေးနွေးဆုံးဖြတ်ရန် မဖြစ်နိုင်သည့်အတွက် ပြည်သူအားလုံး၏ကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒပေး ရွေးချယ်ပေးရသကဲ့သို့ မိမိကိုယ်တိုင်လည်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိမှာဖြစ်ပါကြောင်း၊ တာဝန်မကျေပွန်သည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်ခွင့် ပြဋ္ဌာန်းပေးထားသင့်ပါကြောင်း၊ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည့်အတွက် နိုင်ငံသားများစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်းနှင့် ကုန်ကြမ်းများရရှိအောင် နိုင်ငံတော်က ကူညီပံ့ပိုးရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးအတွက် ကြိုတင်ကာကွယ်မှုကိစ္စရပ်များမှအပ နိုင်ငံသားတစ်ဦးဦးကို တရားရုံး၏ခွင့်ပြုချက်မရဘဲ ၂၄နာရီထက်ပို၍ ချုပ်နှောင်ခွင့်မရှိစေသင့်ကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးထိပါးမှုကို ထိရောက်စွာ ကုစားပေးနိုင်ရန် တရားလွှတ်တော်ချုပ်ကို စာချွန်တော်အမိန့်များ ထုတ်ဆင့်ပိုင်ခွင့်အာဏာ အပ်နှင်းရန်လည်း လိုအပ်မှာဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်း မူလအခွင့်အရေး အသီးသီး ခံစားခွင့်ရှိကြသကဲ့သို့ နိုင်ငံသားတိုင်း နိုင်ငံတော်အတွက် မပျက်မကွက်ထမ်းဆောင်ကြရမည့် တာဝန်ဝတ္တရားများလည်း မလွဲမသွေ ပြဋ္ဌာန်းပေးရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြသည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်းမှ–

(၁) နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းသည့်အချက် (၂)ချက်

(၂) နိုင်ငံသားတိုင်း တန်းတူညီမျှ အခွင့်အရေးရရှိရေးနှင့် စပ်လျဉ်းသည့်အချက် (၆)ချက်

(၃) နိုင်ငံသားများလွတ်လပ်မှု အခွင့်အရေးနှင့် စပ်လျဉ်းသည့်အချက် (၅)ချက်

(၄) နိုင်ငံသားများအား ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းနှင့်စပ်လျဉ်းသည့်အချက် (၂)ချက်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

တိုင်းပြည်နှင့်လူမျိုးအတွက် အစဉ်ကာကွယ်စောင့်ရှောက်ကြရန်ဆိုသည်မှာ နိုင်ငံသူနိုင်ငံသားအားလုံး၏ မွေးရာပါအမျိုးသားရေးတာဝန်ကြီးတစ်ရပ်ဖြစ်

စာမျက်နှာ ၁၂ မှ

(၅) နိုင်ငံသားများ ဘာသာသာသနာဆိုင်ရာ ကိုးကွယ်မှုနှင့် စပ်လျဉ်းသည့်အချက် (၇) ချက်
(၆) နိုင်ငံသားများ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့်အချက် (၃) ချက်
(၇) နိုင်ငံသားများ၏ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးနှင့်စပ်လျဉ်းသည့်အချက် (၂) ချက်
(၈) နိုင်ငံသားများ စီးပွားရေးဆိုင်ရာ အခွင့်အရေးနှင့် စပ်လျဉ်းသည့်အချက် (၃) ချက်
(၉) ပြစ်မှုဆိုင်ရာအခွင့်အရေးနှင့်စပ်လျဉ်းသည့်အချက် (၄) ချက်
(၁၀) ဖွဲ့စည်းပုံအခြေခံဥပဒေအရကာကွယ်ရယူနိုင်သည့် အခွင့်အရေးနှင့် ပတ်သက်သည့်အချက် (၆) ချက်
(၁၁) နိုင်ငံသားများ၏ တာဝန်များနှင့် ပတ်သက်သည့်အချက် (၇) ချက်
(၁၂) နိုင်ငံတော်ဟုဆိုသည့် စကားရပ်နှင့် စပ်လျဉ်းသည့်အချက် (၁) ချက်

စုစုပေါင်းအသေးစိတ်အခြေခံရမည့်မူ (၄၈)ချက်အား အခြေခံမူများအဖြစ် ချမှတ်ရန်သင့်ပါကြောင်း ထောက်ခံဆွေးနွေး တင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်းအတွက်ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် အစဉ်ကာကွယ်စောင့်ရှောက်ကြရန်ဆိုသည်မှာ နိုင်ငံသူနိုင်ငံသား အားလုံး၏ မွေးရာပါအမျိုးသားရေးတာဝန်ကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်သူ တစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်များကိုကာကွယ်စောင့်ရှောက်ပေးရန်နှင့် ဘေးဒဏ်၊ ရန်စွယ်၊ အန္တရာယ်အမျိုးမျိုးမှကာကွယ်သုတ်သင်ရှင်းလင်းပေးရန် နိုင်ငံတော်အစိုးရတိုင်း၏အခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ အဓိကတာဝန် ကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ လူ့လောကကြီးတွင် လူသားတိုင်းသည် မိမိအသက် အိုးအိမ်စည်းစိမ်များကို အတွယ်တာဆုံး၊ အမြတ်နိုးဆုံး၊ အခင်မင်ဆုံး၊ အမက် မောဆုံးရှိကြပါကြောင်း၊ လူသားတို့ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ကယ်တင်စောင့်ရှောက်ပေးခြင်းမှာ လူမှုဘဝ၏အမွန်မြတ်ဆုံးအလုပ်ပင် ဖြစ်ပါကြောင်း၊ လူသားများတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ဒုက္ခ ပေးနေခြင်းမှာ သဘာဝဘေးအန္တရာယ်ဆိုးများနှင့် လူ့အမှောင့်ပယောဂများ ကြောင့် ဖြစ်ပေါ်လာရသည့်ဘေးအန္တရာယ်တို့ပင်ဖြစ်ပါကြောင်း၊ တပ်မတော်ကို မူလဖွဲ့စည်းစဉ်က ‘တိုင်းပြည်သည် တပ်မတော်အတွက်မဖြစ်စေရ၊ တပ်မတော် သည် တိုင်းပြည်အတွက်သာဖြစ်စေရမည်’ဟူသော ကြီးမားမြင့်မြတ်သည့် ရည်မှန်းချက်ဗီဇနှင့် သန္ဓေတည်မွေးဖွားလာခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၄၄ခုနှစ် မတ်လ၁၃ရက် မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းဆင်းပွဲတွင် အမျိုးသားခေါင်းဆောင် တပ်မတော်ဖခင်ဗိုလ်ချုပ်အောင်ဆန်းက ‘အခု ငါတို့ရဲဘော်များရဲ့အလုပ်ဟာ ငါတို့နိုင်ငံရဲ့လွတ်လပ်ရေး၊ ငါတို့နိုင်ငံရဲ့နယ်မြေ၊ ငါတို့နိုင်ငံရဲ့အချုပ်အခြာ အာဏာ ဒါတွေကို ငါတို့ ရင်မြေကတုတ်လုပ်ပြီး ကာကွယ်ဖို့ပဲ၊ ဒီထက် ကြီးမြတ်တဲ့အလုပ် ရှိနိုင်ပါဦးမလား၊ မရှိနိုင်ဘူး၊ တို့တပ်မတော်ဟာ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတွက်ဖြစ်တယ်၊ အားနည်းတဲ့အခါမှာလဲ အားကြီးတဲ့လူကို မတရားရင်မကြောက်၊ အားကြီးတဲ့အခါမှာလဲ အားငယ်တဲ့လူကို မတရားမလုပ် ဆိုတဲ့အတိုင်း လုပ်ချင်တယ်၊ ဒါကြောင့် တပ်မတော်ဟာ နိုင်ငံရဲ့အခြေခံ ဖြစ်တယ်လို့ပြောတာပဲ’ဟူ၍ မိန့်ကြားခဲ့ပါကြောင်း။

အနော်ရထာခေတ်မှာ တစ်နိုင်ငံလုံးကို စစ်တပ်အဖြစ် ဖွဲ့စည်းထားပါ ကြောင်း၊ ယောကျ်ားအားလုံးစစ်သားအဖြစ် တာဝန်ထမ်းဆောင်ကြရပါကြောင်း၊ ဘုရင့်နောင်ခေတ်မှာ စစ်သည်ဦးရေတစ်သောင်းစီပါဝင်ဖွဲ့စည်းထားသည့် တပ်ငါးဆယ်ရှိခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် စစ်သည်တော်အရေအတွက် ငါးသိန်းအမြဲတမ်းရှိနေပါကြောင်း၊ အလားတူ အလောင်းဘုရားခေတ်မှာလည်း စစ်သည်ဦးရေ တစ်သောင်းစီပါဝင်ဖွဲ့စည်းထားသည့် တပ်လေးဆယ်ရှိခဲ့ပါ ကြောင်း၊ တစ်နည်းအားဖြင့် စစ်သည်တော်အရေအတွက် လေးသိန်းအမြဲတမ်း ရှိပါကြောင်း၊ မင်းတုန်းမင်းခေတ်၊ သီပေါမင်းခေတ် ခရစ်နှစ် ၁၈၈၀ခုနှစ် အတွင်းမှာ မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း၊ စာအုပ်စာမျက်နှာ ၁၂၆ မှာ မြန်မာဘုရင်၏ တပ်မတော်စစ်သည်တော်အင်အားပေါင်း ၂၆၃၂၉ ဦးရှိကြောင်း ဖော်ပြထားပါကြောင်း၊ တပ်မတော်စစ်သည်အင်အား ၃၀၀၀၀ လောက်နှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို မကာကွယ်နိုင်ကြောင်း၊ နယ်ချဲ့လက် အောက် ကျေးကျွန်ဘဝ အလွယ်တကူကျရောက်ခဲ့ရသည်ကို သမိုင်းကသက် သေခံလျက်ရှိနေပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်အေးချမ်းသာယာဖွံ့ဖြိုးတိုး တက်ရေးနှင့် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်နိုင်ရေးသည် အမျိုးသားကာကွယ်ရေးစွမ်းရည် ထက်မြက်မှုနှင့် ခိုင်မာတောင့်တင်းမှုအပေါ် လုံးဝအခြေခံနေတယ်ဆိုသည်မှာ သမိုင်းဖြစ်ရပ်မှန်များက သက်သေပြလျက်ရှိနေ ပါကြောင်း၊ ကြည်းတပ်၊ လေတပ်၊ ရေတပ်တို့နှင့် စုပေါင်းဖွဲ့စည်းထားသည့် တပ်မတော်သားအားလုံးမှာ ပြည်သူလူထုများ၏ ရင်သွေး၊ ရင်နှစ်များဖြစ် ကြသလို ပြည်သူလူထုတစ်ရပ်လုံးကိုလည်း တပ်မတော်က မိရင်းဖရင်းသဖွယ် ရှိသေလေးစားကြရမှာ မလွဲဖြစ်ပါကြောင်း။

၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင်ကျင်းပခဲ့သည့် အမျိုးသား ညီလာခံတွင် တပ်မတော်နှင့်သက်ဆိုင်သည့် အခြေခံမူခြောက်ချက်ကို ချမှတ်ခဲ့ပါ ကြောင်း၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်သည့်နိုင်ငံရှိလျှင် ယင်းနိုင်ငံကို ကာကွယ်ရန် တပ်မတော်တစ်ရပ် မလွဲမသွေလိုအပ်မှာပင်ဖြစ်ပါကြောင်း၊ နှစ် (၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က ဖွံ့ဖြိုးတိုးတက်လာသည့်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် ပိုမိုအင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ် ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြရမယ်ဟု မိန့်ကြားခဲ့ပါကြောင်း၊ နိုင်ငံ တစ်နိုင်ငံ၏ အသက်သွေးကြောမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပျက်မစီး၊ မထိမပါးနိုင်အောင် ကာကွယ်စောင့် ထိန်းကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူ မျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး စည်းလုံးညီညွတ်မှု မရှိခဲ့စဉ်အခါက အချုပ်အခြာအာဏာများ ဆုံးရှုံးခဲ့ရဖူးပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အရယူပြီး ပြည်တွင်း၊ ပြည်ပ အန္တရာယ်များအားလုံးကို တပ်မတော်က ဦးဆောင်ကာကွယ်သွားရမည်ဖြစ်ပါကြောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပြီး အမျိုးသားညီလာခံကလည်း ချမှတ်ပြီး ခဲ့သည့် အခြေခံမူများအရ နိုင်ငံသားတိုင်း စစ်ပညာသင်ကြားခြင်း၊ စစ်မှုထမ်း ခြင်းကို တပ်မတော်၏ကွပ်ကဲမှုနှင့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သကဲ့သို့ အဆင့်သတ်မှတ်ရာမှာ မိုငြိမ်းပြုနိုင်ရေးအတွက် ဒုတိယသမ္မတအဆင့်နှင့်ညီကြောင်း သတ်မှတ်သင့်ပါကြောင်း၊ အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည့်အတွက် ကာကွယ်ရေးဦးစီးချုပ် ကို သမ္မတက ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဆိုပြုထောက်ခံချက်နှင့် ခန့်အပ်တာဝန်ပေးရမည်ဖြစ်ပါကြောင်း၊ တပ်မတော်သည် လက်နက်ကိုင် အင်အားစုဖြစ်သည့်အတွက် သီးခြားတပ်မတော်အက်ဥပဒေစစ်ဘက်တရားရုံးများ သီးခြားဖွင့်လှစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်သည် စစ်ဘက်ဥပဒေနှင့် စစ်စည်းကမ်းများကို ကျွမ်းဝင်သူဖြစ်သည့်အတွက် စစ်ဘက် ဆိုင်ရာ တရားစီရင်ရေးတွင် ကာကွယ်ရေးဦးစီးချုပ်အဆုံးအဖြတ်သည် အပြီး အပြတ်ဖြစ်စေသင့်ပါကြောင်း၊ နိုင်ငံတိုင်းမှာ မမျှော်လင့်နိုင်သည့် ဘေးအန္တရာယ် နှင့် သဘာဝအန္တရာယ်များကျရောက်လာခဲ့လျှင် တပ်မတော်က ကူညီဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတိုင်း၊ လူမျိုးတိုင်း၊ အခြေခံဥပဒေပညာရှင်တိုင်း မိမိနိုင်ငံဖြတ်သန်းလာခဲ့ရသည့်သမိုင်းကြောင်း ဖြစ်ရပ်မှန်များကိုအခြေခံပြီး မိမိနိုင်ငံကောင်းကျိုးအတွက် အကျိုးပြုစေသည့် အခြေခံဥပဒေများရေးဆွဲလေ့ရှိကြသော်လည်း ခေတ်ရေစီးကြောင်းနှင့် လူပုဂ္ဂိုလ် ရေစီးကြောင်းများကြောင့် အခြေခံဥပဒေသည် ယိမ်းယိုင်လှုပ်ခါမှုများရှိနေ တတ်ပါကြောင်း၊ အခြေခံဥပဒေများ၏ ပျော့ကွက်၊ ဟာကွက်၊အားနည်းချက် ကြောင့် လူမှုရေး၊ စီးပွားရေးအကျပ်အတည်းများနှင့် ပြင်ပ ပယောဂများ ပေါင်းစပ်လိုက်သည့်အခါမှာ နိုင်ငံပြိုကွဲမှုကနေ လူမျိုးရေးစစ်ပွဲဆီကိုပါ ဦးတည် သွားစေတတ်သည်ဆိုသည်ကို ကမ္ဘာ့အခြေအနေများက မီးမောင်းထိုးပြလျက် ရှိနေကြောင်း၊ ထို့ကြောင့် ၁၀–၁–၂၀၀၆ရက်နေ့ အမျိုးသားညီလာခံ အစည်း အဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တပ်မတော်အခန်းအတွက် ချမှတ် သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ အမှတ်စဉ်(၁)မှ (၁၄)အထိကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းဖြင့် ဖတ်ကြား တင်ပြသည်။ ။

နဂါးရုံဘုရား စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနားကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မ ကျောင်းလမ်းရှိသမိုင်းဝင်မဟာမေ့ရုံသီ အိမ်တော်ရာစေတီတော်၌ တည်ထား ကိုးကွယ်လျက်ရှိသည့် နဂါးရုံဘုရား စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနား ကို ဇန်နဝါရီ ၂၈ ရက် နံနက် ၈ နာရီ တွင် ရတနာ့ဗိမာန်တော်ကြီး၌ကျင်းပ သွားမည်ဖြစ်ရာ အလှူရှင်များ တက် ရောက်ကြည်ညိုနိုင်ရန် ဂေါပကအဖွဲ့ က ဖိတ်ကြားထားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

နှစ်သစ်ကူးအထူးဈေးရောင်းပွဲတော် Excel Shopping Mall ၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

Cussons' International Ltd. (England) မှ ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ ၂၂ ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင် မီးပွိုင့်ထောင့်တွင် ရှိသော Excel Shopping Mall ရှိ Internet Cafe ဆိုင်၊ အလှကုန်ပစ္စည်းအရောင်း ဆိုင်များ၊ အမျိုးသားနှင့် အမျိုးသမီး ဝတ် Fashion ဆိုင်များ၊ ကလေး အသုံးအဆောင်ဆိုင်များ၊ ဖိနပ်ဆိုင် များ၊ နာရီဆိုင်များ၊ ကနုကမာပန်းချီ ကားဆိုင်၊ အိတ်ဆိုင်၊ ကြက်ကြော် ဆိုင်များ၊ အအေးဆိုင်များစသည်ဖြင့် ဆိုင်းခန်းအသီးသီးတွင် အနုပညာရှင် များဖြစ်ကြသော ဖြိုးငွေစိုး၊ ဟက် ကက်၊ သူထူးစံ၊ ကျော်ရှိန်၊ ဇေယျ၊ ဇော်ဇော်အောင်၊ ဥက္ကာမင်းမောင်၊ ဟဲလေး၊ ပပဝင်းခင်၊ ပန်းဖြူ၊ ပုလဲ ဝင်း၊ မျိုးစန္ဒီကျော်၊ ခင်လေးနွယ်၊ ဝိုင်းစုခိုင်သိန်း၊ မေနန်းခေါင်၊ မေထွဋ် ခေါင်၊ ခရစ္စတီးနား၊ ပွင့်၊ ကင်းကောင်၊ ငှက်ပျောကြော်၊ ကုသိုလ်တို့သည် သက်ဆိုင်ရာ ဆိုင်အသီးသီးမှနေ၍ ဝယ်ယူအားပေးရန် ရောက်ရှိလာကြ သော မိတ်ပြည်သူများအား အမှတ် တရလက်မှတ်ရေးထိုးပေးခြင်း၊ မိမိ အစီအစဉ်ဖြင့် ဓာတ်ပုံအတူ တွဲရိုက် ခွင့်ပေးခြင်း၊ အရောင်းဆိုင်ခန်းများမှ Discount ရောင်းချခြင်းများအပြင် ဝယ်ယူသော ပစ္စည်းတန်ဖိုးအလိုက် လက်ဆောင်ပေးခြင်းတို့ဖြင့် ရောင်းချ ရာ ဈေးဝယ်သူများ Excel Shopping Mall 2nd FL. တစ်ထပ်လုံးပြည့် စည်ကားလှသည်။ **(အပေါ်ဝဲပုံ)**

ထိုပွဲတွင် Cussons' Imperial Leather Soap အကြောင်းကို ရှင်းပြ ပြီး တင်မိုးလွင်အဖွဲ့၏ ဖျော်ဖြေတင် ဆက်မှုများဖြင့် အခမ်းအနားကို စည် ကား သိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ဒေသခံ ရှမ်း၊ အခါနှင့် လားဟူတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက် ကြ၍ ထိုင်းနိုင်ငံမှ ချင်းရိုင်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး နိုင်းဝန်ချိုင်း အူဒုံချိုင်း၊ ထိုင်းဘုရင့်အဝေးပြေးလမ်းဌာန ညွှန်ကြားရေးမှူးချုပ် နိုင်ချိုင်းစထပ်၊ ကစ်တီဖုန်းမ်ဖိုင်ဖွန်းနှင့် စစ်ဘက်/နယ်ဘက်မှ အရာရှိများ၊ မယ်ဆိုင်မြို့မှ ဒေသခံပြည်သူများတက်ရောက်ကြပြီး စုစုပေါင်း ပြည်သူလူထု ၄၀၀၀ ကျော် ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ချင်းရိုင်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် ထိုင်းဘုရင့်အဝေးပြေးလမ်းဌာန ညွှန်ကြားရေးမှူးချုပ်က တံတားတည်ဆောက်မှုအစီရင်ခံစာကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကန်တသီ ဆူဖာမွန်ခွန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့က အမှာစကားပြောကြားကြပြီး နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီးများသည် တံတားအလယ်၌ ချစ်ကြည်ရေးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးများနှင့် နှစ်ဖက်တာဝန်ရှိသူ များသည် တံတားကို ဖြတ်သန်းကြည့်ရှုကြပြီး တံတားအနီးတွင်ဆောက်လုပ် ထားသည့် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးဌာန ယာယီရုံးအဆောက်အအုံများကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါချစ်ကြည်ရေးတံတားသည် အရှည်၉၀ မီတာနှင့် အကျယ်၁၄ ဒသမ ၇၀ မီတာရှိ၍ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

ဖြတ်သန်းသွားလာမှုလွယ်ကူစေ

အဆိုပါတံတားသည် မြန်မာ–ထိုင်းနယ်စပ်တစ်လျှောက်တွင် ကုန်စည် များ သယ်ယူပို့ဆောင်မှုနှင့် နှစ်ဖက်နေပြည်သူများ ဖြတ်သန်းသွားလာမှု လွယ်ကူစေရန်အတွက်လည်းကောင်း၊ ကုန်သွယ်မှုနှင့် ရောင်းဝယ်ဖောက်ကား မှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက်လည်းကောင်း များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဆွေးနွေးအကြံပြုချက်စာတမ်းများ ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စား လှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြ ရာတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော မြို (ခေါ်) ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့မှ ဦးမောင်ပိန်(ခေါ်)ဦးခင်မောင် သိဏ်းနှင့် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲတို့၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားမည်။ (သတင်းစဉ်)

သာယာဝတီမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၄

သာယာဝတီမြို့နယ်အသင်း (၂၈) ကြိမ်မြောက် သင်းလုံးကျွတ်အစည်း အဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာ ရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် မြေနီ ကုန်း ဗားကရာလမ်း ပဒုမ္မာကွင်းနှင့် မျက်နှာချင်းဆိုင်ရှိ ကျွန်းတောကျောင်း တိုက်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ် သားများ တက်ရောက်ကြရန် နှိုးဆော် ထားသည်။

သက်ကြီးအပူဇော်ခံနိုင်ရန်အတွက် အသက်၇၅နှစ် ပြည့်ပြီးသူ အသင်းဝင် များနှင့် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင် မြင်ခဲ့ကြသော အသင်းဝင်များ၏ သား သမီးများနှင့် ပါဝင်လှူဒါန်းလိုသူအလှူ ရှင်များသည် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး တင်အောင်(ငြိမ်း) ဖုန်း–၀၉–၈၀– ၂၀၆၈၀၊ အတွင်းရေးမှူး ကိုထွန်းမြတ် ဖုန်း–၆၅၂၉၀၆နှင့် တွဲဖက်အတွင်း ရေးမှူး ကိုသက်မော်ဦး ဖုန်း–၂၉၂၈၂၈ တို့သို့ ဇန်နဝါရီ ၂၇ ရက် နောက်ဆုံး ထား၍ ဆက်သွယ်နိုင်ကြောင်း သိရ သည်။ **(က–ပ)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇန်နဝါရီ ၂၄

ယနေ့ မြန်မာစံတော်ချိန် ၂၀နာရီ ၁၂မိနစ်၂၃စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင်၄၂၀ခန့် ကွာဝေးသော တရုတ်–မြန်မာ နယ်စပ်အနီးကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး၅ဒသမ၀ အဆင့် ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကံ့ကော်မြိုင် ကတ္တရာလမ်းသစ်ဖွင့်

မင်းပြား ဇန်နဝါရီ ၁၀

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကန့်ကော်မြိုင် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် အမှုဆောင်အရာရှိဦးဘုန်း မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တာလေမြို့၌ ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသစ်ဖွင့်

တာလေ ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာလေမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၁၁ နာရီက အဆိုပါ အသင်းရုံးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရုံးသစ်ကို ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယကခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့်တာလေမြို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကား

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် ခရိုင်အလုပ်အမှုဆောင် ယာယီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဖေတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ခရိုင်အလုပ်အမှုဆောင် ဦးမြင့်ဝင်းလှ၊ ဒေါ်တင်မေထွန်းနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့်ပစ္စည်းများကို တာလေမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်လတ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးမှု ရေးမြို့၌ သရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၂၄

ကြက်ဆူစေ့မှ ဒီဇယ်အစားထိုး ဇီဝလောင်စာဆီအသုံးပြုနိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇန်နဝါရီ ၉ ရက်က မော်လမြိုင်ခရိုင် ရေးမြို့တပ်နယ်၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ချိုထွန်းအောင်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်ခိုင်က ကြက်ဆူပင် စိုက်ပျိုးခြင်း လုပ်ငန်းကို အသေးစိတ် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဝန်ထမ်းများက အစေ့နှင့်အကိုင်းစိုက်ပျိုးခြင်းကို သရုပ်ပြကြသည်။ ဆက်လက်၍ တက်ရောက်သူများက ပျိုးဥယျာဉ်အတွင်း လက်တွေ့စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ခြံစည်းရိုး ကြက်ဆူပင် မျိုးစေ့ချပျိုးထောင်ပွဲနှင့် ဇီဝဒီဇယ်အင်ဂျင်သရုပ်ပြ

ဖျာပုံ ဇန်နဝါရီ ၁၃

ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဇီဝဒီဇယ် ထုတ်လုပ်သည့် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့၊ ပျိုးကိုင်းပျိုးထောင်ပွဲနှင့် ဇီဝဒီဇယ်အင်ဂျင်မောင်းနှင် သရုပ်ပြပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၈နာရီက ဖျာပုံမြို့ ရွှေရတုကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ဇီဝဒီဇယ်ထုတ်လုပ်သည့် ခြံစည်းရိုးကြက်ဆူရိုင်း စိုက်ပျိုးရေးဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမောင်ရွှေက ကြက်ဆူရိုင်း စိုက်ပျိုးနိုင် ရေးနှင့် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြ၍ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းမြင့်က ဇီဝဒီဇယ် ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက် ဆူဆီဖြင့် ဇီဝဒီဇယ် အင်ဂျင်မောင်းနှင်နိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆောင်ရွက်ပြသ

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူမျိုးစေ့ ပျိုးထောင်ခြင်း၊ ကြက်ဆူရိုင်းပျိုးထောင်မှုဇီဝဒီဇယ်အင်ဂျင်မောင်းနှင်ပြသမှုကိုကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် ခရိုင်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစမ်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာမှ ဝန်ထမ်းများက ကြက်ဆူမျိုးစေ့ ပျိုးထောင်ခြင်း၊ ကြက်ဆူကိုင်း ပျိုးထောင်ခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၂၆-၁-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ် နှင့် ဂုဏ်တော်ကွန်ချာ)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ခေတ်မီနှလုံးကျန်းမာရေး စစ်ဆေးနည်းကိရိယာများ) (မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (အုန်းနို့သကြားသာဂူချို)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ဓမ္မဖြင့်ဖြတ်အပ်သော သံယောဇဉ်(ဦးကျော်ဇေယျ) (၂)လက်သရုပ်ခွဲပညာ လျှို့ဝှက်ချက်များအဖွင့်ကျမ်း (ဦးငြိမ်းအောင်-ဆရာဗေဒ)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတကမ္ဘာ

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်-ဦးဘုန်းမြင့်)

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ပိုက်ကိုတိုးသောယုန်)

တောင်ငူ မြို့အမှတ် (၁၈)ရပ်ကွက် ချမ်းသာကြီး ဘုရားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကိုကိုနိုင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးမင်းဆွေတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

လေးမျက်နှာမြို့ပေါက်ကုန်းကျေးရွာ သွားကျေး လက်ကျောက် ချောလမ်း ခင်း ရန်ကျောက်များ စုဆောင်း မှု အခြေအနေကို ဇန်နဝါရီ ၁၀ ရက် က ဧ ရာ ဝ တီ တိုင်း စည်ပင်သာယာယာရေး အဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် အဖွဲ့ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မိတ္ထီလာ သရဖီလမ်း ကတ္တရာလမ်းသစ်ဖွင့်

မိတ္ထီလာ ဇန်နဝါရီ ၂၄

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ပေးခဲ့သည့် မိတ္ထီလာမြို့ ပေါက်ချောင်းကွက်သစ် သရဖီကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ရက်က အဆိုပါလမ်းသစ် မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးတင်မောင်ဦးက အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်က ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဦးတင်မောင်ဦး၊ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် အလှူရှင် ဦးကျော်စတို့က ဖဲကြိုးဖြတ်၍လမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းသစ်မှာ ကတ္တရာလမ်းအရှည်ပေ ၁၂၀၀ဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေကျပ် ၉၇၅၀၀၀နှင့် အလှူရှင် မိတ္ထီလာမြို့ ပေါက်ချောင်းကွက်သစ်နေ ဦးကျော်စ-ဒေါ်မြင့်မြင့်ဝင်း (ရွှေဟသ်ာကြေးသံဆိုင်)မိသားစုတို့က ထည့်ဝင်ငွေကျပ် ၂၀၂၅၀၀၀ တို့ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခြင်းဖြစ်သည်။ **(မြို့နယ် စည်ပင်)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ပူးပေါင်းဆောင်ရွက်သော အရှည်ပေ ၅၀၀၀၊ အကျယ် ၁၂ ပေရှိ မြိုင်ကုန်း၊ ကော့လှာကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဒေါ်ခင်လဲ့လဲ့နိုင်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပညာရေးစုံညီနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ညောင်ဦး ဇန်နဝါရီ ၁၂

ညောင်ဦးမြို့နယ် ပညာရေးဌာနက ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်က ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးဌာန၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ကျောင်းသားကျောင်းသူများက စုံညီပွဲတော်၊ ဒို့နွဲ့ ပျော်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ကြသည်။ ထို့နောက် ညောင်ဦးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇက ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ခရိုင်အတွင်းရေးမှူးဗိုလ်မှူးတင်အောင်က ပညာရည်ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများကို လည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူး ခင်မောင်မြင့်နှင့် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ရီရီတို့က စာပေဘာသာရပ်အသီးသီးတွင် ထူးချွန်သူများနှင့်ကျောင်းလုပ်ငန်း ထူးချွန်သူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၁၀)ရပ်ကွက် လမ်း ၅၀ အမှတ် ၁၈၂၊၁၈၄ ပထမထပ်နေ ကွယ်လွန်သူ ဖခင်ကြီး ဦးဝင်းဖေဟန်အား ရည်စူး၍ ဒေါ်သီတာဟန်က ငွေကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် နာရေးကူညီမှုအသင်းသို့လှူဒါန်းရာအလုပ်အမှုဆောင် ဒေါ်တင်တင်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ မောင်တောမြို့၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

မောင်တော ဇန်နဝါရီ ၁၀

နယ်စပ်ဒေသ မောင်တောမြို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုကျန်းမာကြံ့ခိုင်ရေး အစီအစဉ်အရ အပတ်စဉ်စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ စတုတ္ထအပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက် စနေနေ့နံနက် ၅နာရီခွဲက မောင်တောမြို့ မြို့မနာရီစင်ရှေ့စုရပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ရပ်ကွက်အဖွဲ့ဝင်များ၊ အားကစား ဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုပေါင်း၍ မြို့မနာရီစင်ရှေ့ စုရပ်မှ သုံးမိုင်စခန်းသို့ စုပေါင်းလမ်းလျှောက်ပွဲကို ပျော်ရွှင်တက်ကြွစွာ ပါဝင်ဆင်နွှဲကြသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

သံဃဒါန ဆွမ်းလောင်းအသင်း အရုဏ်ဆွမ်းလောင်းလှူ ရပ်ဝေးရပ်နီးအလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ညောင်တုန်း ဇန်နဝါရီ ၁၂

ညောင်တုန်းမြို့ရှိ ဘုန်းတော်ကြီးကျောင်း ၃၆ကျောင်း၊သီလရှင်ကျောင်း ခြောက်ကျောင်းတို့တွင် သီတင်းသုံးလျက်ရှိသော သံဃာတော်များ၊သီလရှင်များ ဆွမ်းအဆင်ပြေစေရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် သံဃဒါန နေ့စဉ်ဆွမ်းလောင်းအသင်းက မြို့နယ်လုံးကျွတ်သံဃာတော်နှင့် သီလရှင် အပါး ၇၀၀တို့အား ဇန်နဝါရီ ၁ရက်မှစတင်၍ နေ့စဉ် အရုဏ်ဆွမ်းများ လောင်းလှူကြသည်။

နေ့စဉ်အရုဏ်ဆွမ်းလောင်းမှု ပထမနေ့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်နှင့်ဇနီးဒေါ်ကြည်ကြည်ယဉ် မိသားစုတို့က သား မောင်သီဟထွန်း၏ မွေးနေ့အတွက် သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းလျာများ လောင်းလှူကြသည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

ယင်းသံဃဒါန နေ့စဉ်ဆွမ်းလောင်းအသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ဥက္ကဋ္ဌ ဦးသန်းဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစစ်အောင်၊ ဦးအောင်ခိုင်၊ အတွင်းရေးမှူး ဦးကျော်ဆန်း၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် ဘဏ္ဍာရေးမှူး ဦးကျော်နိုင်တို့ပါဝင်သော အသင်းကိုဖွဲ့စည်းပြီး ဇန်နဝါရီ ၁ရက်မှစတင်၍မြို့နယ်လုံးကျွတ်နေ့စဉ်အရုဏ်ဆွမ်း လောင်းလှူပွဲကိုဆောင်ရွက်လျက်ရှိရာ ရပ်နီးရပ်ဝေးအလှူရှင်များ ဆက်သွယ် လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(ဝ၉၈)**

ကွတ်ခိုင် လွယ်ခန်ကျေးရွာ အလယ်တန်းကျောင်း၌ ကြက်ခြေနီရှေးဦးသူနာပြုသင်တန်းဖွင့်

ကွတ်ခိုင် ဇန်နဝါရီ ၈

ကွတ်ခိုင်မြို့နယ် ကောင်းခါးဒေသ လွယ်ခန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသော ကြက်ခြေနီရှေးဦးသူနာပြုစုခြင်းအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က ကွတ်ခိုင်မြို့ ကောင်းခါးဒေသ လွယ်ခန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတူးလွမ်၊ ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ကြက်ခြေနီတပ်ရင်းမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ငွေကျပ် ၄၁၅၀၀၀ တန်ဖိုးရှိ ဝတ်စုံ ၃၉ စုံကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတူးလွမ်က မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်ထံသို့ ပေးအပ်သည်။ သင်တန်းသို့သင်တန်းသား သင်တန်းသူ ၃၉ဦး တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြံမျိုးသန့်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

ကျောက်တော် ဇန်နဝါရီ ၅

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မြန်မာ့ကြံလုပ်ငန်း စက်ရုံမှူး ဦးရဲထွေးနှင့် သာယာဝတီဇုန်တာဝန်ခံ ဦးပြေအေးတို့ အဖွဲ့သည် ဒီဇင်ဘာ ၂၇ရက် နံနက် ၈ နာရီက ကျောက်တော် မျိုးပွားခြံ၌ စိုက်ပျိုးထားသော ကြံမျိုးသန့် စိုက်ခင်းများနှင့် ပီချောင်းနယ်မြေ ကုလားတန်အထက် နယ်မြေ၊ သကြားစက်နယ်မြေ နှင့် ဘုရားပေါင်းစခန်း နယ်မြေများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ **(ယာပုံ)** သက်ဆိုင်ရာ မြို့နယ်တာဝန်ခံ၊ ခြံတာဝန်ခံနှင့် စခန်းနယ်မြေ တာဝန်ခံများက ရှင်းလင်းတင်ပြကြပြီး လိုအပ်သည်များကို စက်ရုံမှူးနှင့် ဇုန်တာဝန်ခံတို့က ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

(ကြံလုပ်ငန်း)

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦး သန်း နိုင် နှင့် လက်ထောက်အင်ဂျင်နီယာဦးအောင်နိုင်ဦးတို့ ကြီးကြပ်၍ မြို့အဝင်ဆိုင်းဘုတ်ရှေ့၌ စည်ပင် သာယာရေး အဖွဲ့ ဝန်ထမ်းများ မြေယာရှုခင်းအလှ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

မြေယာရှုခင်းပြုပြင်

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြေယာရှုခင်းအလှပြုပြင်မှုကို ဒီဇင်ဘာ ၂၉ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူးဦးသိန်းဇော်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

အောင်မြေသာစံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး အမှုဆောင်သစ်ရွေးချယ်

မန္တလေး ဇန်နဝါရီ ၂၂

မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ် တင်မြှောက်ပွဲကို ဇန်နဝါရီ ၁၅ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် တက်ရောက် အမှာစကားပြောကြားသည်။

ဖတ်ကြားရှင်းလင်း

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးလှဘော်(မအူပင်-လှဘော်) တို့က အမှာစကားပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ ရှေ့လုပ်ငန်းစဉ်များကို ဦးမော်စန်း (မြောက်ပြင်တော်က-ကိုရွှေမော်)က ဖတ်ကြား ရှင်းလင်းသည်။

ရွေးချယ်

ဆက်လက်၍ နာယကဦးထွန်းရှိန်၊ ဦးလှဘော်၊ ဥက္ကဋ္ဌဦးထွဏ်းလှအောင်၊ အတွင်းရေးမှူး ဦးမော်စန်း၊ အဖွဲ့ဝင်သုံးဦးနှင့်စာပေညီလာခံကိုယ်စားလှယ်အဖြစ် ဦးထွဏ်းလှအောင်၊ အရန်ကိုယ်စားလှယ် ဦးမော်စန်းတို့အား ရွေးချယ်ကြသည်။ **(၁၆၂)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အနော်ရထာအိမ်ရာ အမှတ် ၁၃(ဘီ)နေ ခင်ပွန်း ဦးစံမြနှင့် သားငယ် စိုင်းခမ်းလတ်တို့အား ရည်စူး၍ ဒေါ်စောမြဘူး မိသားစုတို့က စကြံ့ လမ်းနှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ် ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျန်းမာရေး ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၄

မင်္ဂလာတောင်ညွန့် မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မင်္ဂလာသြဘာလမ်းရှိ မြန်ဂုဏ်မြင့် ဇာနှင့်အထည် စက်ရုံဝန်ထမ်းများအား ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁နာရီက စက်ရုံခန်းမတွင်ကျင်းပရာ စက်ရုံမှူး ဦးထွန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မင်္ဂလာတောင်ညွန့်မြို့နယ် ခုခံ ကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာ သိဂီအောင်က ဟောပြောဆွေးနွေးသည်။

ထို့နောက် သွေးစစ်ဆေးလိုသူ အမျိုးသား အမျိုးသမီးများအား ကာလသားရောဂါပိုး ရှိမရှိ အခမဲ့စစ်ဆေးပေးကြောင်း သိရသည်။ **(ကျန်းမာရေး)**

ဇန်နဝါရီ ၁၈ရက်က မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ စေတီတော် သမိုင်းပြတိုက်နှင့် ဆုတောင်းပြည့်အောင်မြေတန်ဆောင်း ပြုပြင်ခြင်း လုပ်ငန်းအတွက် နှစ်ဖက်သောမိဘများအား အမျှထား၍ အမှတ် ၉၄၃ ခရမ်းစု ကျိုက်ဝိုင်းဘုရားလမ်းနေ ဦးမြင့်နိုင်-ဒေါ်ခင်လှဲ့ဦး မိသားစုက ကျိုက်ဝိုင်းစေတီတော် ဂေါပကအဖွဲ့သို့ အလှူငွေကျပ်ခုနစ်သောင်းပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပညာတန်ဆောင်စာကြည့်တိုက် နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၆)ရပ်ကွက် ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဇန်နဝါရီ ၇ရက်က အမှတ်(၆)ရပ်ကွက် သီရိသုခမ္မောရုံ၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးက စာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဆွေးနွေးပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၂ဦးကဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ ကျောင်းသူ မအေးချမ်းမိုးအား ရပ်ကွက်ဥက္ကဋ္ဌ ဦးထွေးက ဆုချီးမြှင့်ကြောင်း သိရသည်။**(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သဃ်န်းကျွန်းမြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဦးကျော်ဆန်း-ဒေါ်မြင့်မြင့်ခိုင်တို့၏သား မောင်စိုးကျော်ထက် (Grade 4-B)၏ ကိုးနှစ်မြောက် မွေးနေ့အလှူအဖြစ် ဇန်နဝါရီ၁၇ရက်က ကျောင်းသား ကျောင်းသူများအား အာဟာရဒါန ရေခဲမုန့်ကျွေးမွေးလှူဒါန်းရာကျောင်းအုပ်ဆရာမကြီးဒေါ်ဖြူဖြူဝင်းနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (က-ပ)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဆုတံဆိပ်ရရှိသူများ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အမှတ် ၅၇ အာဇာနည်လမ်း မဏ္ဍိုင်ကျောင်းတိုက်ဝင်းအတွင်းရှိ ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) ဓမ္မာရုံကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပူဇော်ခံသက်ကြီးများ၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများ၊ ၂၀၀၄ ခုနှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် အသင်းအမှုဆောင်များနှင့် ဒုတိယဥက္ကဋ္ဌ ဦးမျိုးလွင် ဖုန်း- ၅၄၄၂၇၃၊ ဘဏ္ဍာရေးမှူး ဦးဇော်လွင် ဖုန်း- ၀၉-၈၀ ၃၁၇၄၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ အမှုဆောင် ဒေါ်ခင်ရီ ဖုန်း-၀၉-၅၀၂၀၂၁၅ နှင့် ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁ တို့သို့ ဆက်သွယ်နိုင်ပြီး အသင်းနှစ်ပတ်လည်အစည်းအဝေးသို့ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်များ၊အသင်းသူ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကတ္တရာထပ်ပိုးလွှာခင်း

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် မြို့နယ်အတွင်းရှိ လမ်းပေါက်များ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၅ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်

ရွှေတောင် ဇန်နဝါရီ ၈

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံကကြီးမှူး၍ ၂၀၀၅ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲများကို စက်ရုံအားလပ်ရက်ဖြစ်သော ဒီဇင်ဘာ ၃ရက်က စက်ရုံဌာနပေါင်းစုံမှ ဝန်ထမ်းအင်အား ၅၀၀ကျော်ဖြင့် ကျင်းပရာ စက်ရုံမှူး ဦးဇော်ဝင်းမောင်နှင့် ဌာနတာဝန်ရှိသူများ စုပေါင်းလမ်းလျှောက်ပွဲများတွင် ပါဝင်ဆင်နွှဲကြသည်။

အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သော တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ဦးတည်ရည်မှန်း၍ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(စက်မှု-၁)**

စာကြည့်တိုက်ပညာအလုပ်ရုံဆွေးနွေးပွဲ ချောက်မြို့၌ကျင်းပ

ချောက် ဇန်နဝါရီ ၉

ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသော စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ၂၄ရက်က ငွေပင်ကျေးရွာ ရွှံကြယ်စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ၊ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးချစ်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမြင့်သန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာ၁၄ရွာမှ ဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဝင်များနှင့် စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးချစ်ဆွေတို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်သန်းက ဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အကျိုးပြု

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခတ်ပုံကျွမ်းကျင်(၂) ဦးဝင်းဌေးက စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးနှင့် စာကြည့်တိုက်၏ အကျိုးပြုမှုများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ စာထောက်(၃) ဒေါ်မြင့်ကေခိုင်က စာကြည့်တိုက်တွင် စာအုပ်စာရင်းရေးသွင်းနည်း၊ စာငှားသူများအား စနစ်တကျ မှတ်တမ်းစာရင်း ရေးသွင်းထားရှိနည်းများကို ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ချောလမ်းခင်း

လှိုင်းဘွဲမြို့ ဒေါန(၁)လမ်း အရှည်ပေ ၁၃၂၀၊ အကျယ် ၁၂ ပေ ကျောက်ချောလမ်း ခင်းနေမှုကို ဇန်နဝါရီ ၈ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

နေပြည်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၂၂ရက်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အော်တိုတယ်လီဖုန်း ဖြစ်မြောက်ရေး ကော်မတီနှင့် မြို့နယ်ဆက်သွယ်ရေးစခန်းတို့ ပူးပေါင်း၍ မြို့နယ်တွင် ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း အလုံး၅၀၀ခန့်တပ်ဆင်ရန်အတွက် ဆောင်ရွက်ကြစဉ်။ (ဝဇ၅)

အမျိုးသားညီလာခံကြီးသည် နိုင်ငံသူနိုင်ငံသားအားလုံး၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးမည့် အသက်တမျှအရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး ကြိုးပမ်းဆောင်ရွက်နေ

အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အခြေခံရမည့်မူများအတည်ပြုခဲ့ပြီ

အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၄

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီတွင် မကွေးတိုင်း မကွေးမြို့ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ လူထုအစည်းအဝေးမစတင်မီ နံနက် ၆ နာရီတွင် သတ်မှတ်စုရပ်အသီးသီးမှ အလံကိုင်အဖွဲ့၊ ဘင်ခရာအဖွဲ့တို့နှင့်အတူ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူး၊ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာ၊ သရက်၊ အောင်လံ၊ ကံမ၊ မင်းတုန်း၊ ဆင်ပေါင်ဝဲ၊ မင်းလှ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ဂန့်ဂေါ၊ ထီးလင်းနှင့် ဆောမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ သူနာပြုများနှင့် တိုင်းအတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအုပ်စုအသီးသီးမှ ပြည်သူလူထု ၂၅၀၀၀ ကျော်တို့သည် စစ်ကြောင်းကြီးလေးကြောင်းဖြင့် တက်တက်ကြွကြွ အားမာန်အပြည့်ဖြင့် ချီတက်ကြပြီး လူထုအစည်းအဝေးကျင်းပမည့် မကွေးမြို့ ခရိုင်အားကစားကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻



ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်

မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် အမှတ်(၂)ချစ်ကြည်ရေးတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ ကုန်သွယ်မှုနှင့်ရောင်းဝယ်ဖောက်ကားမှု အထောက်အကူပြုမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနှင့်ထိုင်း နယ်စပ်ဒေသရှိ တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့တို့အကြား မယ်ဆိုင်ချောင်းကိုဖြတ်ကျော်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် တည်ဆောက်ထားသည့် အမှတ်(၂)ချစ်ကြည်ရေးတံတား ဖွင့်လှစ်သည့်အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါတံတားပေါ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ တံတားဖွင့်လှစ်သည့်အခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဦးဆောင်တက်ရောက်ပြီး ထိုင်းနိုင်ငံဘက်မှ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကန်တသီဆူဖာမွန်ခွန်က ဦးဆောင်တက်ရောက်သည်။

ထို့အပြင် တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာချီလိတ်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊

စာမျက်နှာ ၁၃ ကော်လံ ၅ ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး